www.free4readers.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.232 WEEKLY NEWS JOURNAL 12th January 2019

## ဘူးသီးတောင်မှ AA သင်္ချိုင်း
## ထွန်းမြတ်နိုင်နှင့် AA ကိုအာလိုရှိသည်

ခိုင်ရာဇာကြီး




## လိုအပ်လျှင် ရဟတ်ယာဉ်အသုံးပြုခွင့် သမ္မတ ခွင့်ပြု
## ရက္ခိတလမ်းစဉ်မှ ဒုက္ခိတလမ်းစဉ်သို့

www.free4readers.com

# The Longest War

လူဝီအယ်လင်

ပြသန်းတင့် (



## စစ်တောင်းတံတား မြန်မာပြည်ကို ဂျပန်တို့သိမ်းယူခြင်း အလွန်နှိုးသောတံတား

**အချိန်-၁၉၄၂ခု၊ ဖေဖော်ဝါရီလ ၂၃ရက်**နေ့ နံနက်အရုဏ်မတက်မီ၊ နေရာ-အောက်မြန်မာပြည် စစ်တောင်းတံတား၊

ထိုနေရာတစ်ဝိုက်ကို အိန္ဒိယတပ်မ(၁၇)က ထိန်းသိမ်းထားသည်၊ တပ်မ(၁၇)၏တပ်မဟာနှစ်ခုမှာ အရှေ့ဘက်ကမ်းတွင်ရှိနေပြီး တပ်မဟာတစ်ခုမှာ အနောက်ဘက်ကမ်းသို့ရောက်နေပြီ၊ သို့ရာတွင် မြန်မာပြည်ထဲသို့ရောက်ပြီး သုံးပတ်အကြာ၌ ဂျပန်ကျူးကျော်သူတို့သည် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းသို့ ထိုးဖောက်ဝင်လာကြတာ မုပ္ပလင်တစ်ဖက်ရှိ တောအုပ်တွေထဲသို့ ရောက်နေကြပြီ၊ ဂျပန်တို့မသိမ်းနိုင်အောင် တံတားကြီးတစ်ခုလုံးကို ဖောက်ခွဲပစ်ရန် ဝါယာကြိုးတွေ သွယ်တန်းထားပြီးပြီ၊ ရန်ကုန်ကိုသိမ်းရာတွင် ထိုလမ်းသည် အလွယ်ဆုံး၊ အသာဆုံးလမ်းဖြစ်သဖြင့် ဂျပန်တို့ကလည်း စစ်တောင်းတံတားကြီးကို ပုံးကြတိုက်ခိုက်ခြင်းမပြုကြသေး၊

စစ်တောင်းတံတား၏အရှေ့ဘက်ခံတပ်ဖျားတွင်ကျန်ရစ်ခဲ့သည့်တပ်မှာ ဘားမားရိုင်ဖယ်တပ်ရင်း(၃)ဖြစ်၏၊ သို့ရာတွင် တပ်မှတဖွဲ့ဖွဲ့ထွက်ပြေးနေကြသဖြင့် တပ်ပျက်လုမတတ် ဖြစ်နေလေပြီ၊ ဂျပန်တို့မှာ အနားသို့ရောက်နေကာ ဂျပန်စက်ကလေးသမားတစ်ယောက်က တံတားတစ်လျှောက်ကို ပေါက်ပေါက်ကြဲသည့်နှယ်ရှိအောင် စက်ကလေးဖြင့် မွှေယမ်းနေသည်၊ ထိုအတိုင်းသာ ဂျပန်စက်ကလေးသမားကဆက်ပစ်နေလျှင် တံတားကိုဖောက်ခွဲရန် စနက်တံကိုမီးရှို့ဖို့ပင်အခက်အခဲရှိကြောင်းဖြင့် ဗြိတိသျှဆက်ပါးတပ်သားက သူ့တပ်မဟာမှူးကို သတင်းပို့သည်၊ တံတားကြီး လုံးဝကျိုးကျပျက်စီးသွားအောင် နှစ်နေရာ၊ သုံးနေရာတွင် ဖောက်ခွဲရလိမ့်မည်၊ ဂျပန်စက်ကလေးကို တိတ်ဆိတ်သွားအောင်လုပ်နိုင်သည်ထားဦး၊ ယာယီမျှသာ ဖြစ်လိမ့်မည်၊ တံတားသည် ဂျပန်အမြောက်တစ်ကမ်းစာတွင်ရှိနေသဖြင့် ဖောက်ခွဲသူများကို အမြောက်ဖြင့်လှမ်းထုနိုင်သည်၊

**(ဒုတိယဗိုလ်ချုပ်ကြီးစမိုက်၏မှတ်တမ်းအရ)** နံနက်(၀၄:၃၀)နာရီတွင် တပ်မဟာ ၄၈၏တပ်မဟာမှူး ဗိုလ်မှူးချုပ် **နိုဝယ်ဟူးဂျန်း**သည် အရှေ့ဘက်တံတားထိပ်တွင် အရေးပေါ်စစ်ကွန်ဖရင့်တစ်ခု ပြုလုပ်သည်၊ ဂျပန်တို့ကို စစ်တောင်းမြစ်၏အရှေ့ဘက်တွင် ကြာနိုင်သမျှကြာကြာအချိန်ဆွဲထားရမည်ဟု တပ်မတော်တပ်မှူးကြီးလက်ထောက် **ဗိုလ်ချုပ်ကြီးဟတ်တန်**က အမိန့်ပေးထားသည်၊ အရုဏ်မတက်မီတွင် ဂျပန်တို့က စစ်တောင်းတံတားကို သိမ်းမိသွားလျှင် ရန်ကုန်သို့လမ်းပွင့်သွားလေပြီ၊ မိမိတို့သည် တံတားကိုဖောက်ခွဲမည်ဆိုလျှင် မလင်းခင်ဖောက်ခွဲရမည်ဖြစ်ကြောင်း၊ သို့မဖောက်ခွဲနိုင်ဘဲ မိုးလင်းမှ ဖောက်ခွဲလျှင် တံတားကို တက်၍ဖောက်ခွဲရမည့် ဆက်ပါးတပ်သားအားလုံး ဂျပန်တို့၏မောင်းပြန်သေနတ်များဖြင့် တစ်ယောက်မျှကျန်တော့မည် မဟုတ်ကြောင်း၊ စစ်တောင်း၏အနောက်ဘက်ကမ်းသို့ ဂျပန်တို့ကူးလာလျှင်တားနိုင်လောက်အောင် မိမိတို့တွင် အင်အားမရှိတော့ကြောင်းဖြင့် တပ်မှူးငယ်များနှင့် ဦးစီးအရာရှိများကို ပြောပြသည်၊

ဂျပန်တို့က စုပြုံထိုးနှက်လျှင် မိမိသည် စစ်တောင်းတံတားကို ဆက်လက်ထိန်းသိမ်းထားနိုင်တော့မည်မဟုတ်ကြောင်းဖြင့် ဗိုလ်မှူးချုပ်ဟူးဂျန်းက တပ်မမှူးဖြစ်သူ ဗိုလ်ချုပ်စမိုက်ကို သတင်းပို့သည်၊ ဖောက်ခွဲရမည်လော၊ ဆက်ထိန်းထားရမည်လော၊ ဤသည်နှင့်ပတ်သက်၍ တပ်မမှူးထံမှ အမိန့်တိတိကျကျ လိုချင်သည်၊

**'တံတားကို ခုချက်ချင်းဖောက်ခွဲပစ်လိုက်ရင် အရှေ့ဘက်ကမ်းမှာ တပ်မဟာနှစ်ခု ကျန်နေရစ်ခဲ့မယ်၊ မဖောက်ခွဲရင်လည်း ဂျပန်တပ်မကြီးတစ်ခုလုံး တံတားပေါ်ကိုဖြတ်လာပြီး ရန်ကုန်ကို တန်းရောက်သွားမှာပဲ'**ဟု ဗိုလ်ချုပ်စမိုက် တွေးနေသည်၊ ထိုဆုံးဖြတ်ချက်ကို သူတစ်ဦးတည်း ချရတော့မည်၊ ဗိုလ်ချုပ်စမိုက်သည် ဆုံးဖြတ်ချက်အမှားအမှန်နှင့်ပတ်သက်၍ သူ့တွင် တစ်သက်လုံးတာဝန်ရှိနေတော့မည်၊ ဗိုလ်ချုပ်စမိုက်သည် ငါးမိနစ်အတွင်းတွင် ဆုံးဖြတ်ချက်ချလိုက်သည်၊

**'ဒီဆုံးဖြတ်ချက်ကိုချရတာဟာ ကျွန်တော့်မှာ တော်တော်ပင်ပန်းပါတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူးလေ၊ ဒီနည်းပဲရှိတော့တာပဲ၊ တံတားကို ချက်ချင်းဖောက်ခွဲပစ်ဖို့ အမိန့်ပေးလိုက်ရတယ်'**ဟု ဗိုလ်ချုပ်စမိုက်က ရေးခဲ့သည်၊

တံတား၏အနောက်ဘက်ထိပ်တွင် စစ်ဦးစီးအရာရှိတစ်သိုက်သည် တော်မီဂန်းများကိုကိုင်ကာ ၁၆၅၀ ပေရှည်သော သံမဏိတံတားကြီးပေါ်တွင် ဂေါ်ရခါးရိုင်ဖယ်တပ်ရင်း ဆုတ်ခွာလာသည်ကို အကာအကွယ်ပေးရတော့သည်၊ ကံအားလျော်စွာပင် ဂျပန်တို့ကလည်း တံတားတွင် အစောင့်အကြပ်အင်အား မည်မျှရှိသည်ကို ညအမှောင်ထဲတွင်ဖြစ်၍ လာမစမ်းရဲကြ၊ ထို့နောက် ဆက်ပါးတပ်ဗိုလ်၏အမိန့် ပေါ်လာသည်၊ သို့ရာတွင် ဖောက်ခွဲ၍ မရသေး၊ ဂေါ်ရခါးရိုင်ဖယ်တပ်စိတ်နှစ်စိတ် ကျန်နေသေးသည်၊ သူတို့ကမ်းပေါ်ရောက်အောင်စောင့်ရဦးမည်၊ နောက်ဆုံးတွင်ဂေါ်ရခါးတပ်မှူးနှင့်တပ်သားတစ်ယောက်တို့က ဖောက်ခွဲရေးတပ်စုကို စက်ကလေးတစ်လက်ဖြင့် အကာအကွယ်ပေးရသည်၊

အရုဏ်သည် အရှေ့ဘက်ကောင်းကင်ကို လက်ချောင်းများဖြင့် စမ်းသပ်စပြုလေပြီ၊ ထိုစဉ်ကြောက်ဖွယ်ပေါက်ကွဲသံကြီး ပေါ်လာသည်၊ ဝင်းထိန်သွားသော အလင်းရောင်ကြီး၊ ထို့နောက် အမှောင်ထဲမှဝှေ့တက်လာသော လေပူကြီး၊ ထို့နောက် မိုးပေါက်ကြသည့်နှယ်ရှိသော သံတိုသံစအပိုင်းအစများ၊ ထို့နောက်တွင် ပေါက်ကွဲသံကြီးကဲ့သို့ပင် ကြောက်ဖွယ်ကောင်းသောတိတ်ဆိတ်ခြင်း၊

တစ်ဖက်ကမ်းတောထဲမှပစ်နေသော ဂျပန်စက်ကလေးသံသည် ရပ်သွား၏၊ အနောက်ဘက်ကမ်းတွင်ရှိသည့် ဦးစီးအရာရှိများသည် တံတားအပျက်အစီးကို စစ်ဆေးရန် ငုံးတိကြီး ကျန်ရစ်ခဲ့သော တံတားခုံးကြီးပေါ်မှ ဖြတ်လျှောက်လာခဲ့ကြသည်၊ သံခွာရိုက်ထားသော သူတို့ဖိနပ်သံများသည် သံမဏိတံတားပေါင်ကြီးများပေါ်တွင် တဒေါက်ဒေါက်မြည်နေကြ၏၊ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည့် ပထမဆုံးသောအသံများဖြစ်သည်၊ တံတားခုံးကြီးနှစ်ခုမှာ မြစ်ထဲသို့ ကျိုးကျသွားကြသည်၊ သို့ရာတွင် ဂယက်တွေထနေသော မြစ်ရေပြင်တွင် တစ်ပိုင်းတစ်စပေါ်နေသော တံတားခုံးအပေါ်ပိုင်းကြီးကို မြင်ရသည်၊ တံတားဖောက်ခွဲခဲ့သည် မှန်ပါ၏၊ သို့ရာတွင် လုံးဝပျက်စီးသွားခြင်းမရှိသေး၊ ပြင်၍မရလောက်အောင် ပျက်ခြင်းမဟုတ်သေး၊ ထိုစဉ် အားတက်သရော အော်ဟစ်ပြောဆိုနေကြသော ဂျပန်တို့၏စကားသံများသည် တံတားခုံးအစွန်းတွင်ရပ်နေသော အရာရှိများဆီသို့ ရောက်လာသည်၊

တံတားအရှေ့ဘက်တွင်ကျန်ခဲ့သော ဗြိတိသျှ၊ အိန္ဒိယနှင့် ဂေါ်ရခါးတပ်များအဖို့ကား အားတက်သရောဖြစ်ခြင်းမရှိ၊ သူတို့ကို အရှေ့ဘက်တွင် စွန့်ပစ်ချန်ရစ်ခဲ့သည့်အတွက် (သူတို့အထင်ဖြစ်သည်) ဒေါသထွက်ကြသည်၊ ကမူးရှူးထိုး ဖြစ်နေကြသည်၊ နာကြည်းနေကြသည်၊ သူတို့တွင် တပ်ဗိုလ်များလည်း မရှိတော့၊ ပင်ပန်းလှပြီ၊ နုံးနေပြီ၊ အချို့အိန္ဒိယတပ်သားများသည် ဂျပန်တို့ထံ အသာတကြည်လက်နက်ချအဖမ်းခံကြသည်၊ အချို့မှာ ကြောက်ကြောက်လန့်လန့်ဖြင့် လှိုင်းတွေထနေသော စစ်တောင်းမြစ်ထဲသို့ ဆင်းလာခဲ့ကြသည်၊ သူတို့အဖို့ အသက်ရှင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ စစ်တောင်းမြစ်ကိုဖြတ်ကူးပြီး အနောက်ဘက်ကမ်းသို့ကူးလာရန်သာ ရှိတော့သည်မဟုတ်လော၊

## ဂျပန်၏ အဝေးဆုံးလက်လှမ်း

ဂျပန်သည် မြန်မာပြည်တွင် ဘာကိုလိုချင်သနည်း၊

သမိုင်းတစ်လျှောက်တွင် ဂျပန်လူမျိုးသည် စစ်တိုက်သည့်လူမျိုး ဖြစ်သည်၊ ဂျပန်လူမျိုးသည် ကြမ်းကြုတ်ရက်စက်သောထုံးတမ်းစဉ်လာကို ကိုးကွယ်သည့် ဆာမူရိုင်းစစ်သည်တော်မျိုးနွယ်၏အုပ်စိုးမှုကိုတစ်လျှောက်လုံး ခံခဲ့ရသည့်လူမျိုး ဖြစ်သည်၊ ထိုမျိုးနွယ်စုအပေါ်တွင် အကြွင်းမဲ့သစ္စာရှိပြီး ဆုံးရှုံးမှုကို တွေ့သည်နှင့်ပြစ်ဒဏ်အဖြစ် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရသောထုံးတမ်းကို အတိအကျလိုက်နာခဲ့သည့်လူမျိုး ဖြစ်သည်၊ သို့ရာတွင် ထိုစစ်သည်တော်မျိုးနွယ်စုသည် တစ်စုနှင့်တစ်စု အမြဲလိုလိုတိုက်ခိုက်နေကြသည်၊ ပြင်းထန်ကြမ်းတမ်းသည့်ဂျပန်လူမျိုး၏သမိုင်းတစ်လျှောက်၌အကြမ်းဖက်မှုကို အပြင်သို့ဦးတည်သည့်အကြိမ်ဆို၍ ဆယ့်ကိုးရာစုနှစ်ကုန်ခါနီးအထိ တစ်ကြိမ်မျှသာ ရှိဖူးသည်၊ ၁၅၉၂ခုနှစ်တွင် ရှိုးဂန်းမှူးမတ် **ဟီဒေယိုရှိ**သည် ကိုရီးယားပြည်ကိုဝင်တိုက်ကာ တရုတ်ဧကရာဇ်၏ရာဇပလ္လင်ကိုသိမ်းပိုက်ရန် ကြိုးစားခဲ့ဖူးသည်၊ တရုတ်ဧကရာဇ်က ပြန်တိုက်လိုက်သည့်အခါတွင် ဂျပန်သည် သူ့ကျွန်းကလေးပေါ်သို့ပြန်လာကာ နဂိုကအတိုင်း အထီးတည်းနေခဲ့သည်၊ ခရစ်ယာန်သာသနာပြုများကို တိုင်းပြည်မှ နှင်ထုတ်သည်၊ ခရစ်ယာန်ဘာသာဝင်သူများကို အစုလိုက်အပြုံလိုက်သတ်ပစ်သည်၊ ခရစ်ယာန်များသည် ဂျပန်ပြည်ကိုသိမ်းပိုက်မည့် စပိန်နှင့်ပေါ်တူဂီတို့၏ရှေ့ပြေးများဟု မြင်သောကြောင့် ဖြစ်သည်၊ ၁၆၃၆ခုနှစ်နောက်ပိုင်းမှစ၍ ဂျပန်ပြည်သည် ဆာကိုးတုခေါ် တံခါးပိတ်ဝါဒကိုကျင့်သုံးသည့်နိုင်ငံ ဖြစ်လာခဲ့သည်၊

(၁၉)ရာစုနှစ်အလယ် **၁၈၅၃ခုနှစ်တွင် အမေရိကန်ရေကြောင်းဗိုလ်ချုပ်ပယ်ရီ**သည် ကူးသန်းရောင်းဝယ်ရေးနှင့် သံတမန်စာချုပ်များကိုပြုလုပ်ရန် ဂျပန်တို့ကို အကျပ်ကိုင်ခဲ့သည်၊ ဤတွင် တိုကူဂါဝါရှိုးဂန်းမှူးမျိုးမတ်နွယ်တို့ ပြုတ်ကျသွားကာ ဂျပန်ဧကရာဇ်၏အာဏာစက်ပြန်လည်စိုးမိုးလာခဲ့သည်၊ မြို့တော်ကိုလည်း ကျိုတိုမှ အီဒို(တိုကျို)သို့ပြောင်းလာခဲ့သည်၊ သို့ရာတွင် နောင်တက်လာသည့် မှူးမတ်များသည်လည်း နိုင်ငံခြားနှင့်ကူးလူးဆက်ဆံရန် နှစ်လိုခြင်းမရှိကြသေး၊ ထိုအတွင်း၌ အရှေ့တောင်အာရှနိုင်ငံအများအပြား ဥရောပကိုလိုနီအဖြစ်သို့ ကျရောက်နေသည့်သတင်းသည် ဂျပန်ပြည်သို့ ရောက်လာခဲ့သည်၊ အိန္ဒိယပြည်၊ မလေးကျွန်းဆွယ်နှင့် အောက်မြန်မာပြည်သည် ဗြိတိသျှတို့အောက်သို့ ကျရောက်ထားခဲ့သည်၊ အင်ဒိုချိုင်းနားကျွန်းဆွယ်သည် ပြင်သစ်အောက်သို့ ရောက်ခဲ့သည်၊ အင်ဒိုနီးရှားသည် ဒတ်ချ်အောက်သို့ ရောက်ခဲ့သည်၊ တရုတ်ပြည်ကြီးသည်လည်း ဘိန်းစစ်ပွဲပြီးသည့်နောက်တွင် ဗြိတိသျှဩဇာအောက်သို့ ရောက်နေပြီ၊ အခြားသောဥရောပတိုင်းပြည်များကလည်း တရုတ်ပြည်ကြီးကို ဖဲ့ဝေခွဲယူရန် မျက်စောင်းထိုးနေကြလေပြီ၊

**ဤတွင် မိမိတို့ကံကြမ္မာသည်လည်း ထိုနည်းအတိုင်း ဖြစ်လာတော့မည်ဟု ဂျပန်တို့မြင်လာကြသည်၊ ဤတွင် ဂျပန်သည် ဥရောပတိုက်မှ စက်မှုပညာသည်များကိုငှားကာ လက်နက်ထုတ်လုပ်ကြသည်၊ ဂျပန်နှင့်ပြင်သစ်စစ်ပါရဂူများကိုငှား၍ သူတို့စစ်တပ်ကို ပြန်လည်ထူထောင်ကြသည်၊ အင်္ဂလိပ်ကိုငှား၍ သင်္ဘောဆောက်လုပ်ခြင်းအတတ်ကိုသင်ကြားကာ ဂျပန်ရေတပ်ကိုပြန်၍ထူထောင်သည်၊ ဂျပန်သည် ပြည်ပသို့မျှော်ကြည့်စပြုလေပြီ၊ ဂျပန်သည် မိမိနှင့်ယဉ်ကျေးမှုချင်းနီးနွယ်သော တရုတ်ပြည်ကြီးနှင့် ကိုရီးယားတို့သိမ်းခဲ့သည်၊ အာရှတွင် အင်္ဂလိပ်နှင့် အမေရိကန်တို့၏ဩဇာကို တွန်းလှန်နိုင်သူမှာ သူတစ်ဦးတည်းသာရှိသည်ဟု ဂျပန်ထင်လာခဲ့သည်၊**

၁၉၂၀ ပြည့်နှစ်တွင် ဂျပန်ပြည်တွင်တက်လာသည့် လစ်ဘရယ်ဒီမိုကရက်တစ်အစိုးရသည် ထိုနယ်ပယ်ချဲ့ထွင်ရေးပေါ်လစီကို အရှိန်နှေးပစ်လိုက်သည်၊ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်ကြီးပေါ်လာသည့်အခါတွင် ဂျပန်ပြည်တွင် စစ်ဝါဒီများ ခေါင်းထောင်ထလာခဲ့ကြကာ တရုတ်ပြည်ထဲတွင် ဂျပန်နယ်မြေတစ်ခုထူထောင်ဖို့ အစိုးရကို တိုက်တွန်းလာခဲ့ကြသည်၊ ထိုဒေသရှိ ဂျပန်အကျိုးစီးပွားများကိုကာကွယ်ရန်အတွက် တရုတ်ပြည်မြောက်ပိုင်းနှင့် မန်ချူးရီးယားကိုဝင်သိမ်းကာ ဂျပန်ရုပ်သေးအစိုးရကို တည်ထောင်ခဲ့သည်၊ ဂျပန်စက်မှုလုပ်ငန်းအတွက် ကုန်ကြမ်းများရရှိရန် ဥရောပနိုင်ငံများ သိမ်းပိုက်ထားသော အာရှတိုင်းပြည်များကိုအုပ်စီးရန် ပြင်ဆင်လာခဲ့သည်၊

ပထမသော် ဗြိတိသျှတို့သည် ဂျပန်၏အရှေ့အာရှရည်မှန်းချက်များကို ဆန့်ကျင်ခြင်းမပြုခဲ့ကြ၊ မန်ချူးရီးယားနှင့် တရုတ်ပြည်မြောက်ပိုင်းတွင် ဂျပန်စစ်တပ်ကြီးရှိနေသည်ဆိုလျှင် အရှေ့ဖျားသို့ ရုရှဩဇာပြန့်မလာအောင် အကာအကွယ်ပင်ရနေသေးသည်ဟု ယူဆခဲ့သည်၊ ထို့ပြင် တရုတ်ပြည်တွင်ဖြစ်ပျက်နေသည့် ပြည်တွင်းကသောင်းကနင်းဖြစ်မှုများသည်လည်း ဂျပန်ရောက်လာလျှင် ပြေလည်အေးငြိမ်းသွားလိမ့်မည်ဟု ထင်ခဲ့ကြသည်၊ သို့ရာတွင် ဗြိတိသျှတို့၏အထင်သည် ဘာမျှမကြာလိုက်၊ မကြာမီတွင် **ဂျပန်သည် အာရှတွင်ရှိသည့်အနောက်တိုင်းစီးပွားရေးလက်ဝါးကြီးအုပ်မှုကို ဆက်လက်သည်းခံမည်မဟုတ်ဟူသော သဘောများကို ပြလာခဲ့သည်၊** တရုတ်ပြည်မြောက်ပိုင်းတွင် ဂျပန်တို့၏အုပ်စိုးနေပုံသည်လည်း အီတလီနှင့်ဂျာမနီတို့တွင်ရှိသည့် ဖက်ဆစ်

www.free4readers.com

# အကြာဆုံးစစ်ပွဲ မြန်မာပြည်

(မြန်မာပြန်) အပိုင်း(၂)



အုပ်စိုးမှုနှင့်အတူတူပင်ဖြစ်သည်ဟု ဗြိတိသျှတို့မြင်လာခဲ့ကြသည်။

၁၉၄၀ပြည့်တစ်ဝိုက်တွင် ပြင်သစ်၊ ဘယ်လ်ဂျီယံနှင့်ဒတ်ချ် စသည့် အနောက်တိုင်းကိုလိုနီနယ်ရှင်ပယ်ရှင်များ အာရှမှအရေးနိမ့်သွားသည့်အခါ အာရှတွင် ဗြိတိန်တစ်ဦးတည်း အထီးတည်း ကျန်ရစ်ခဲ့သည်။ ဂျပန်သည် အာရှတိုက်ရှိ ဒတ်ချ်နှင့် အမေရိကန်စီးပွားရေးလုပ်ငန်းများနေရာတွင်လည်း အတင်းဝင်လာခဲ့သည်။ **ဂျပန်၏အမြင်တွင် အနောက်တိုင်းသားများသည် အာရှသို့လာ၍ သွေးစုပ်နေကြသည်ဟု မြင်သည်။ အင်္ဂလိပ်နှင့်အမေရိကန်တို့အမြင်၌ အာရှတွင်ရှိသည့် မိမိတို့'တရားဝင်'ထူထောင်ထားသည့်စီးပွားရေးလုပ်ငန်းများကို ဂျပန်စစ်ဝါဒီခေါင်းဆောင်တို့က လုယူရန် ခြိမ်းခြောက်နေသည်ဟုမြင်သည်။** ဤတွင် အနောက်နိုင်ငံများသည် ဂျပန်၏ခြေလှမ်းကိုရပ်တန့်စေရန်အတွက် အရှေ့အာရှတွင် စစ်တပ်များကို တိုးချဲ့လာခဲ့ကြသည်။ ရန်သူတို့ မချိုးဖောက်နိုင်သည့် **စင်ကာပူခံတပ်ကြီး**ကို တည်ဆောက်ခဲ့ကြသည်။ အမှန်အားဖြင့် ထိုခံတပ်သည် ဂျပန်တို့ကိုခြောက်လှန့်ရန်အတွက် တမင်လုပ်ကြံဝါဒဖြန့်ထားခြင်းသာ ဖြစ်သည်။ စင်ကာပူခံတပ်သည် ထိုမျှ အင်အားတောင့်တင်းလှသည် မဟုတ်။

ဂျပန်တို့သည်လည်း လူနုံလူအများ မဟုတ်၊ ဥရောပနိုင်ငံများသည် သူတို့ကို စစ်တပ်အင်အား မည်မျှဖြင့်ရင်ဆိုင်နိုင်သည်ကို တွက်ပြီးသား ဖြစ်သည်။ အာရှတွင်ရှိသည့် သူတို့စစ်အင်အားလောက်ကိုမူ အလွယ်ဖြင့်နိုင်နိုင်သည်ဟု ယူဆသည်။ အတိုချုပ်ရလျှင် ဂျပန်သည် အရှေ့အိန္ဒိယကျွန်းစုများမှ ရေနံနှင့် အရှေ့တောင်အာရှမှထွက်သော ကုန်ကြမ်းတို့ကိုလိုချင်သည်။ ထိုတိုင်းပြည်များမှ ကုန်ကြမ်းများကို သင်္ဘောများဖြင့် ဂျပန်ပြည်သို့တင်သွင်းမည်။ သို့ရာတွင် ခက်သည်မှာ ထိုပင်လယ်လမ်းကြားများထဲတွင် အမေရိကန်နှင့် ဗြိတိန်တို့၏ရေကြောင်းအင်အားက လွှမ်းမိုးထားသည်။ မလေးယားနှင့် ဘော်နီယိုတွင် ဗြိတိသျှတို့ရှိနေသည်။ ဖိလစ်ပိုင်တွင် အမေရိကန်တို့ ရှိသည်။ သို့ဖြစ်ရာ အရှေ့အိန္ဒိယကျွန်းစုမှ ကုန်ကြမ်းများကို လိုချင်လျှင် သူတစ်ခုတည်းကို သိမ်း၍မရ၊ သူတို့ကို နှောင့်ယှက်မည့် ဖိလစ်ပိုင်နှင့် မလေးယားတို့မှ အမေရိကန်နှင့် ဗြိတိသျှတို့၏ဩဇာကိုလည်း တစ်ခါတည်း ဖြိုချပစ်ဖို့ လိုသည်။

**ဤသည်တို့မှာအခြေခံအားဖြင့် အရှေ့တောင်အာရှတွင် ထားရှိသည့်ဂျပန်တို့၏ရည်မှန်းချက်ဖြစ်သည်၊ ထိုအထဲတွင် မြန်မာပြည်မပါ၊ ဂျပန်တေရာဇ်စစ်ဌာနချုပ်၏မူလစီမံကိန်း၌ မြန်မာပြည်ကို တိုက်သိမ်းရန် စီမံကိန်းမရှိ၊** မိမိတို့တပ်များက မလေးယားကိုတိုက်သိမ်းလိုက်လျှင် ဗြိတိသျှတို့သည် မြန်မာပြည်အရှေ့တောင်ပိုင်းမှ တန်ပြန်ထိုးစစ်ဆင်လာနိုင်ဖွယ်ရှိသည်ဟုကား တွက်ထားကြ၏။ သို့ရာတွင် အရေးမကြီးပါ၊ ကရားတူးမြောင်းကို ဖြတ်ပိတ်ထားနိုင်သည်။ စင်ကာပူ-ဘန်ကောက်မီးရထားလမ်းကို ပိတ်ထားနိုင်သည်။ တပ်ကူများကို အိန္ဒိယမှပို့ပေးရာတွင် မြန်မာပြည်မှစစ်တွေနှင့် ဝိတိုရိယအငူတို့တွင် တပ်စခန်းများ ချထားကာ ထိုနေရာများမှတစ်ဆင့် စင်ကာပူကိုပြန်တိုက်ဖို့ ပြင်ဆင်နိုင်သည်။ ဂျပန်တပ်မတော်ဌာနချုပ်သည် မလေးယားတွင်ရှိသည့် မိမိ၏တောင်ပံကို ကာကွယ်ထားရန်အတွက် မြန်မာပြည်တွင် 'ကန့်သတ်'စစ်ပွဲလောက်ကိုသာ တိုက်ဖို့ လိုလိမ့်မည်ဟု တွက်ထားခဲ့သည်။ အလွန်ဆုံး တနင်္သာရီကိုသိမ်းရုံ၊ ရန်ကုန်ဆိပ်ကမ်းကို သိမ်းထားလိုက်ရုံလောက်သာ ရှိမည်ဟု မှန်းထားခဲ့သည်။

သို့ရာတွင် အထက်မြန်မာပြည်တွင် အရေးကြီးသောအခြေအနေကြီးတစ်ရပ်ပေါ်ပေါက်လာခဲ့သည်။ ရန်ကုန်မှ တရုတ်ပြည်နယ်စပ် ဝမ်တိန်သို့သွားသော တရုတ်-မြန်မာ လမ်းမကြီးရှိသည်။ ထိုလမ်းမကြီးသည် ဂျပန်နှင့်စစ်ဖြစ်နေသော ချန်ကေရှိတ်၏တရုတ်ပြည်သို့ လက်နက်ရိက္ခာများ ထောက်ပံ့ရာ အဓိကလမ်းမကြီးနှစ်ခုအနက် တစ်ခုဖြစ်သည်။ ဂျပန်သည်တရုတ်ပြည်ဆိပ်ကမ်းမြို့ကြီးများကို ပိတ်ဆို့ထားကာ တရုတ်ကို ဒူးထောက်ခိုင်းသည်တွင် တရုတ်တို့သည် အတွင်းဘက် ချုံကင်းသို့ ပြောင်းလာကြကာဂျပန်ကို ဆက်တိုက်ကြသည်။ **တရုတ်သည်အတွင်းမွန်ဂိုလီးယားမှတစ်ဆင့် ရုရှတို့ထံမှ လက်နက်ရိက္ခာများကို ရနေသည်၊ တရုတ်-မြန်မာလမ်းမကြီးမှတစ်ဆင့် အနောက်နိုင်ငံများထံမှ ရိက္ခာလက်နက်တို့ကို ရနေသည်၊ ဤလမ်းမကြီးပိတ်သွားရန် ဗြိတိသျှတို့အား သံတမန်နည်းဖြင့် ချဉ်းကပ်ခဲ့သော်လည်း မအောင်မြင်ခဲ့၊** သို့ဖြစ်လျှင် မြန်မာပြည်သူလူထုများကိုအုပ်ချုပ်ရာတွင်ဗြိတိသျှတို့အခက်အခဲတွေ့အောင် လှုံ့ဆော်မည်လော၊ ဤတွင် ဂျပန်သူလျှိုများသည် မြန်မာပြည်ရှိ ဗြိတိသျှဆန့်ကျင်ရေး နိုင်ငံရေးခေါင်းဆောင်များ၊ အထူးသဖြင့် လူငယ်ကျောင်းသား ခေါင်းဆောင်များနှင့် သခင်များကို ချဉ်းကပ်လာခဲ့ကြသည်၊ သူတို့သည် ဗြိတိသျှတို့ကို မြန်မာပြည်မှမောင်းထုတ်လိုကြသူများမဟုတ်လော၊ သို့ဖြင့် ဂျပန်တို့သည်မြန်မာပြည်တိုက်ပွဲစဉ်အတွက် တိကျသော စီမံကိန်းမချရသေးမီ ပဝေသဏီကတည်းကပင်လျှင် ရန်ကုန်နှင့်မြန်မာပြည်အနှံ့အပြားတွင် လှုပ်ရှားနေခဲ့ကြကာ ဆူပူမှုများကို ပေါ်ပေါက်ရန် လှုံ့ဆော်နေခဲ့ကြသည်။

## 'ကျွန်တော်တို့ချည်းပဲ ရှိတယ်'။ မြန်မာတို့အဆို

**၁၈၂၄ခုနှစ်**တွင် အင်္ဂလိပ်-မြန်မာပထမစစ်ဖြစ်ပြီး ရခိုင်နှင့် တနင်္သာရီကမ်းမြောင်ဒေသတို့ကို သိမ်းခဲ့သည်၊ **၁၈၅၂ခုနှစ်**တွင် ဒုတိယစစ်ဖြစ်ပြီး ပဲခူးနယ်ကို သိမ်းခဲ့သည်၊ **၁၈၈၅ခုနှစ်**တွင် တတိယစစ်ဖြစ်ပြီး အထက်မြန်မာပြည်ကို သိမ်းခဲ့သည်၊ ငြိမ်သက်မှုမရှိသဖြင့် **တပ်သား(၃၀၀၀၀)သုံးကာ ငါးနှစ်တိုင်တိုင် နှိမ်နင်းခဲ့ရသည်၊ ၁၉၂၃ခုနှစ်**တွင် အိန္ဒိယပြည်အခြားနယ်များကဲ့သို့ ဒိုင်အာခီအုပ်ချုပ်ရေး ပေးခဲ့သည်၊ သို့ရာတွင် မြန်မာတို့သည် ကျေနပ်ခြင်း မရှိကြ၊ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် ပထမကမ္ဘာစစ်အပြီးတွင် ဆူပူလှုပ်ရှားလာခဲ့ကြသည်၊ ၁၉၃၀ပြည့်နှစ်နှင့် ၁၉၃၈ခုနှစ်များတွင် ဗြိတိသျှနှင့် အိန္ဒိယလူမျိုးဆန့်ကျင်ရေးအဓိကရုဏ်းများ ပေါ်ပေါက်ခဲ့သည်၊ **၁၉၃၇ခုနှစ်**တွင် မြန်မာပြည်ကို အိန္ဒိယပြည်မှခွဲလိုက်သည်၊ သို့ရာတွင် လုံးဝလွတ်လပ်ရေးကို တောင်းဆိုကာ အိန္ဒိယကွန်ဂရက်နှင့် အိုင်ယာလန်**ဆင်ဖိန်းလှုပ်ရှားမှု**တို့ကို အားကျနေသော မြန်မာလူငယ်များအဖို့ကားထိုမျှလောက်နှင့်မကျေနပ်နိုင်၊သူတို့ကို ဂျပန်တို့က ကူညီနိုင်မည်လော၊ နိုင်ငံရေးစိတ်ဓာတ်နိုးကြားသော မြန်မာလူမျိုးတိုင်း၏စိတ်ထဲတွင် ထိုမေးခွန်းကို မေးနေကြသည်၊ **၁၉၃၆ခု** စာမေးပွဲကြီးမတိုင်မီတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် သပိတ်မှောက်ခဲ့ကြပြီး ရွှေတိဂုံစေတီတော်ကြီးတွင် စခန်းချကာ လူထု၏ထောက်ခံမှုကို ယူခဲ့ကြသည်၊ သဘောအားဖြင့် တက္ကသိုလ်အုပ်ချုပ်ရေးကို မကျေနပ်၍ သပိတ်မှောက်ခြင်းဖြစ်သည်ဆိုသော်လည်း အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြစ်သည်။

နောက်နှစ်နှစ်ခွဲအကြာတွင် စာရေးဆရာ **အိတ်၊ ဂျီ၊ ဝဲလ်စ်** မြန်မာပြည်သို့ရောက်ခဲ့သည်၊ ကမ္ဘာ့ဥပဒေကြီးတစ်ခုအောက်တွင် လူမျိုးပေါင်းစုံ ပါဝင်သော ဖက်ဒရေးရှင်းကြီးတစ်ခု ဖွဲ့စည်းရန် လိုအပ်ကြောင်း ကမ္ဘာအနှံ့လှည့်လည်ဟောပြောရင်း ဝင်ရောက်လာခြင်းဖြစ်သည်၊ မြန်မာတို့သည် သူ၏စိတ်ကူးယဉ်လှသော အတွေးအခေါ်ကို နားမဝင်နိုင်ကြသည့်အခါတွင် **အိတ်၊ ဂျီ၊ ဝဲလ်စ်**သည် အစိုးရကို အကြည်ညိုပျက်စေမှုဖြင့် မကြာမီက ထောင်မှလွတ်လာသော နိုင်ငံရေးခေါင်းဆောင် ဦးဘလှိုင်နှင့် မနက်စာစားစဉ် သူ့စိတ်ကူးကို ပြောပြသည်၊ ဦးဘလှိုင်သည် သူ့စကားဆုံးအောင် သည်းခံ၍နားမထောင်နိုင်၊ **'ဒါတွေ ကျွန်တော်တို့ကို လာပြောမနေနဲ့၊ ခင်ဗျားတို့ အင်္ဂလိပ်တွေကို သွားပြော'**ဟု ဦးဘလှိုင်က အော်သည်၊

ဦးဘလှိုင်၏အတွေးအခေါ်မှာ ပြင်းထန်သည့် အမျိုးသားရေးဝါဒနှင့်အကြမ်းထည် ကွန်မြူနစ်ဝါဒတို့ ရောနေသည့် အတွေးအခေါ်ဟု ဝဲလ်စ်က မှတ်ချက်ချသည်၊ ဝဲလ်စ်က လွတ်လပ်သောတရုတ်ပြည်ကို ကူညီဖို့ ဖျောင်းဖျသည့်အခါတွင်လည်း ဦးဘလှိုင်သည် သူ့စကားကို နားမဝင်၊ **'တရုတ်ပြည်၏လွတ်လပ်ရေးကို တောင်ပို့ တလေးတစ်ခုလောက်ထက်ပို၍အရေးတကြီး ထားခြင်းမရှိ'**ဟု ဝဲလ်စ်က နောင်တွင် ရေးခဲ့သည်၊

အရှေ့တိုင်းတွင်ရှိသည့် အင်္ဂလိပ်အင်ပါယာစနစ်ကြီးသည် မလှုပ်နိုင်မရှားနိုင်ဖြစ်နေပြီမှာ သေချာနေပြီ၊ မြန်မာပြည်ရှိ ကလောင်ရှင်များက သူ့ကို အင်းလျားကန်အနီး ဘုတ်ကလပ်တွင် လက်ဖက်ရည်ပွဲဖြင့်ဧည့်ခံသောအခါတွင် ကလောင်ရှင်အမျိုးသား၊ အမျိုးသမီး အားလုံးသည် မြန်မာအမျိုးသားအဝတ်အစား အပြည့်အစုံကို တမင်ဝတ်ဆင်လာခဲ့ကြသည်၊ ဝဲလ်စ်က အင်္ဂလိပ်လူမျိုးအခြေခံသော ကျယ်ပြန့်သည့် ကမ္ဘာ့လူမျိုးပေါင်းစုံအဖွဲ့ကြီးတစ်ရပ်တည်ထောင်သင့်ကြောင်း၊ ထိုအဖွဲ့ကြီးသည် သေးဖွဲ့သောအမျိုးသားရေးဝါဒထက် သာလွန်ကြောင်း ရှင်းပြသည်၊ သူတို့က လများမကြာမီက ကျောင်းသားများအား ပုလိပ်တို့က နံပါတ်တုတ်ဖြင့်ရိုက်နှက်နေကြသည့်ဓာတ်ပုံများကိုထုတ်ပြ၍ အဖြေပေးကြသည်၊ အင်္ဂလိပ်အစိုးရက သတင်းစာများ၏လွတ်လပ်ခွင့်ကို တိုင်ပင်ပုံ၊ သူတို့ မြန်မာများအား စာရေးများနှင့် ကုန်တိုက်စာရေးများလောက်သာဖြစ်မည့် ပညာရေးစနစ်ကိုသာ ပေးထားပုံ စသည်တို့ကို ပြောပြကြသည်၊ တစ်နေ့တွင် နယ်ချဲ့စနစ်နှင့် အမျိုးသားရေးဝါဒတို့ကို ကျော်လွန်သွားမည့် ကမ္ဘာကြီးတစ်ခုသို့ရောက်မည်ဖြစ်ကြောင်းဖြင့် ဝဲလ်စ်က ပြောသည်၊'ဟုတ်တယ်၊ ကမ္ဘာသစ်ကြီးတစ်ခုရှိတယ်၊ အဲဒီကမ္ဘာမှာ ကျွန်တော်တို့ဟာ လွတ်လပ်စွာတွေးနိုင်တယ်၊ လွတ်လပ်စွာပြောနိုင်တယ်၊ အဲဒီကမ္ဘာကြီးဟာ လစ်ဘရယ်တို့ရဲ့ ကမ္ဘာကြီးဖြစ်တယ်၊ ဒီကမ္ဘာကြီးကို ကျွန်တော်တို့ မျှော်မှန်းသင့်တယ်'

သူထင်သည့်အဖြေကို သူရခဲ့သည်၊ 'ဒါပေမယ့် ကျွန်တော်တို့အစိုးရကတော့ ဒါတွေကိုခွင့်မပြုဘူး၊ ကျွန်တော်တို့ဆင်ဆာက ဒါတွေကို ခွင့်မပြုဘူး၊ အတိတ်ကို ကျွန်တော်တို့ မမေ့သေးဘူး၊ ကျွန်တော်တို့ကျောင်းသားတွေဟာ စာသင်ခန်းထဲမှာ ထိုင်နေရတာထက် သပိတ်မှောက်တာ၊ ငြင်းခုံဆွေးနွေးတာ၊ ပိတ်ပင်ထားတဲ့စာပေတွေကိုဖတ်တာက ပိုပြီးအကျိုးရှိတယ်၊ မြန်မာပြည်အတွက် ကျွန်တော်တို့လူငယ်တွေမှာတာဝန်ရှိတယ်လို့ ကျွန်တော်တို့နားလည်လာကြပြီ'ဟု သူတို့က အဖြေပေးခဲ့သည်၊

အံ့ဩဖို့တော့ ကောင်းသည်၊ ကျောင်းသားတို့၏တောင်းဆိုချက်ကိုပယ်ချခဲ့သော အိန္ဒိယနှင့်ခွဲရေးအပြီး ပထမဆုံး နန်းရင်းဝန်ဖြစ်သည့် **ဒေါက်တာဘမော်**သည် **မြန်မာတို့၏အမျိုးသားရေးစိတ်ဓာတ်ကို ဗြိတိသျှဆန့်ကျင်ရေးအတွက် အသုံးချရန်ကြိုးစားနေသော ဂျပန်တို့ တမ်းလှမ်းမှုကိုမူ ကြိုဆိုလက်ခံခဲ့သည်၊** ရန်ကုန်တွင်ရှိသည့် ဂျပန်ကောင်စစ်ဝန်သည် ဒေါက်တာဘမော်၏ဗြိတိသျှဆန့်ကျင်ရေးသဘောထားကို သိနေသည်၊ ထို့ကြောင့် ၁၉၃၈ နှင့် ၁၉၃၉ခုနှစ် သူနန်းရင်းဝန် ဖြစ်လာသည့်အခါတွင် တရုတ်-မြန်မာလမ်းမကြီးမှတစ်ဆင့် တရုတ်ပြည်သို့ လက်နက်များ ပို့သည့်ကိစ္စကို ရပ်ဆိုင်းအောင် လုပ်ပေးရန် ချဉ်းကပ်လာသည်၊ **ဂျပန်တို့က ဒေါက်တာဘမော်ကို ငွေတော်တော်များများပေးသည်၊ သို့ရာတွင် ထိုလမ်းမကြီးနှင့်ပတ်သက်၍ မြန်မာအစိုးရတွင် ဘာမျှဆုံးဖြတ်ပိုင်ခွင့်မရှိကြောင်းဖြင့် ဂျပန်တို့ကို ပြောလိုက်သည်၊** သို့မဟုတ်လျှင် တရုတ်-မြန်မာလမ်းမကြီးပိတ်သွားအောင် ဒေါက်တာဘမော် ခေါင်းဆောင်၍ လက်နက်ကိုင်ပုန်ကန်ရန်လည်း မဖြစ်နိုင်၊ မြန်မာတို့သည် ပုန်ကန်ထကြွရန် အဆင်သင့်မဖြစ်ကြသေး၊

ဂျပန်တို့အဖို့ ဒေါက်တာဘမော်နှင့်အဆက်အသွယ်ရရန် အခက်အခဲများစွာမရှိလှ၊ ရန်ကုန်ရှိ ဂျပန်ကောင်စစ်ဝန်နှင့်ရင်းနှီးပြီး မြန်မာပြည်အနှံ့အပြားရှိ ဂျပန်သူလျှိုများနှင့်အဆက်အသွယ်ရှိသည့် **ဒေါက်တာဆူဇူကီး**သည် ဒေါက်တာဘမော်၏မိသားစုဆရာဝန် ဖြစ်သည်၊ ဆူဇူကီးကို ဒေါက်တာဘမော်ကစ၍ ချဉ်းကပ်ဟန်တူသည်၊ ဒေါက်တာဘမော်မှာ မိုးတွင်းတွင် ခါးကိုက်ရောဂါပြန်ပေါ်တတ်ရာ ဒေါက်တာဆူဇူကီးကိုခေါ်၍ ကုတတ်သည်၊ ဤသို့ မကြာခဏတွေ့ဆုံစဉ်တွင် မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုအတွက် ဂျပန်အနေဖြင့် မည်သို့သောအကူအညီကို ပေးနိုင်မည်နည်းဟု ဒေါက်တာဘမော် တီးခေါက်ကြည့်သည်၊ ဒေါက်တာဆူဇူကီးကောင်စစ်ဝန်ထံ သတင်းပို့သည်၊ ဤတွင် သူ့လုပ်ငန်းလည်ပတ်စပြုလာသည်၊ ဒေါက်တာဘမော်သည် ဒေါက်တာသိမ်းမောင်ကို ခေါ်ကာ ဂျပန်ကောင်စစ်ဝန်နှင့် မကြာခဏတွေ့သည်၊ ဂျပန်ဘုရင့်ရေတပ်မတော်မှ အရာရှိများလည်း သူ့ထံသို့လာတတ်သည်၊ ဂျပန်ရေတပ်အရာရှိများသည် သခင်လူငယ်ခေါင်းဆောင်အချို့နှင့် အဆက်အသွယ်ရနေသည်ကို သူရိပ်မိသည်၊ **၁၉၃၉ခုနှစ် နိုဝင်ဘာလထဲတွင် ဂျပန်တို့၏အကူအညီဖြင့် ဒေါက်တာသိမ်းမောင် တိုကျိုသို့ ထွက်သွားသည်၊**

**ဒေါက်တာဘမော်တ လွတ်လပ်ရေးလှုပ်ရှားမှုအတွက် စတင်လှုံ့ဆော်လျှင် ဂျပန်တို့က ငွေကြေးအကူအညီပေးမည်ဟူသောကတိကို ရလာခဲ့သည်၊** ဤသည်အထိ နိုင်ငံရေးသဘောမျှသာ ရှိသေးသည်၊ စစ်ရေး၊ လက်နက်ကိုင်ပုန်ကန်ရေးကိစ္စအထိ မရောက်သေး၊

လူဝီအယ်လင်၏ The Longest War
မြသန်းတင့်(မြန်မာပြန်) အပိုင်း(၃)ကို
ရှေ့အပတ်တွင် ဆက်လက်ဖော်ပြပါမည်၊

www.free4readers.com

FREEDOM AT MIDNIGHT

# သန်းခေါင်ယံလွတ်လပ်ရေး

မောင်ပေါ်ထွန်း မြန်မာပြန်သည်။








မောင့်ဘက်တန်သည် မိမိတို့ဘက်မှရပ်တည်၍ တိုက်ပွဲဝင်ကယ်တင်ပေးလိမ့်မည်ဟု မဟာရာဇာအများစုကပင် ယုံကြည်ခဲ့ကြသည်။ သို့သော် သူတို့၏ယုံကြည်ချက်မှာ တလွဲယုံကြည်ချက်မျှသာဖြစ်သည်။ တကယ်တော့ မောင့်ဘက်တန်တွင် မဟာရာဇာများဘက်မှ ရပ်တည်တိုက်ပွဲဝင်ရန် အာဏာလည်းမရှိ၊ ယင်းသို့ရပ်တည်ရန် ဆန္ဒလည်းမရှိချေ။ ၎င်းတို့အား သူ့အနေဖြင့် ကူညီနိုင်သော နည်းတစ်နည်းတော့ရှိသည်။ ယင်းမှာ အခြားမဟုတ်။ မဟာရာဇာများအားလုံး နန်းစွန့်ပြီး မိမိတို့ပြည်နယ်များအား အိန္ဒိယနှင့်သော်လည်းကောင်း၊ ပါကစ္စတန်နှင့်သော်လည်းကောင်း ပူးပေါင်းကြရန် အတတ်နိုင်ဆုံး တိုက်တွန်းစကား ပြောကြားဖို့ပင်ဖြစ်သည်။ သူ၏တိုက်တွန်းချက်ကို မဟာရာဇာများက လက်ခံလျှင် ၎င်းတို့၏ ပုဂ္ဂလိကစည်းစိမ်ဥစ္စာများကို တတ်နိုင်သမျှ မထိခိုက်စေဘဲ သင့်တင့်လျော်ကန်သောအခွင့်အရေးများပေးရန် သူ့အနေဖြင့် ဘုရင်ခံချုပ်ဩဇာအာဏာကိုသုံးပြီး နေရူးနှင့်ဂျင်းနားတို့အား စည်းရုံးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မောင့်ဘက်တန်သည် ဤကိစ္စကို ပြည်နယ်များဆိုင်ရာ ဝန်ကြီးဖြစ်သူ ဗလာဘိုင်ပတေးနှင့် ပထမဆုံးဆွေးနွေးသည်။ မဟာရာဇာများအား ၎င်းတို့၏ ဘွဲ့နာမည်များ၊ နန်းတော်များနှင့် ပစ္စည်းဥစ္စာများကို ဆက်လက်ပိုင်ဆိုင်ခွင့်ပြုပြီး ထိုက်သင့်သော အဆင့်အတန်းဖြင့် ဆက်လက်ထားရှိမည်ဆိုပါက ၎င်းတို့အနေဖြင့် သီးခြားလွတ်လပ်ရေး မတောင်းဆိုဘဲ အိန္ဒိယပြည်ထောင်စုနှင့် ပူးပေါင်းအောင် မိမိက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မောင့်ဘက်တန်က ပတေးအား ပြောပြသည်။

ဤတွင် ပတေးက- "အားလုံးပါမှ ဖြစ်မယ်။ ဘုရင်ခံချုပ်အနေနဲ့ တစ်ပင်လုံးက သစ်တော်သီးတွေကို ခြင်းတောင်းအပြည့် ထည့်ပေးနိုင်ရင်တော့ ကျုပ်ဝယ်ပါ့မယ်။ အပြည့်မပါရင်တော့ မဝယ်နိုင်ပါဘူး"

"ကျုပ်အတွက် တစ်ဒါဇင်လောက် ချန်ထားခဲ့နိုင်မလား"

"များလွန်းပါတယ်။ နှစ်လုံးပဲချန်ခဲ့မယ်"

"နည်းလွန်းပါတယ်"

ထို့နောက် ဘုရင်ခံချုပ်နှင့်ပတေးတို့သည် ဈေးသည်နှင့်ဈေးဝယ်ပမာ အကြိတ်အနယ် ဈေးဆစ်ကြသည်။ နောက်ဆုံးတော့ သူတို့နှစ်ယောက် သဘာတူညီချက်ရရှိသွားကြသည်။ ယင်းသဘောတူညီချက်အရ ပြည်နယ် ခြောက်ခုကိုသီးခြားလွတ်လပ်သော ပြည်နယ်အဖြစ် ချန်လှပ်ထားခဲ့ရန် ဖြစ်လေသည်။

ဘုရင်ခံချုပ်မောင့်ဘက်တန်၏ ရုံးခန်းတွင် ဖြစ်သည်။ ဘုရင်ခံချုပ်နှင့်နေရူးနှစ်ဦးတည်းသာရှိကြသည်။ သူတို့သည် အိန္ဒိယသမိုင်းတွင် အရေးအကြီးဆုံး လုပ်ငန်းကြီးတစ်ရပ်ကို တတ်နိုင်သမျှသဘောတူ ဆောင်ရွက်ခဲ့ကြပြီး ဝမ်းသာနေကြသည်။ သို့သော် ဝမ်းမသာနိုင်စရာအကြောင်းတွေလည်း တစ်ပုံတစ်ပင်ကြီး ရှိနေသေးသည်ကို သူတို့နှစ်ယောက်လုံး သိကြသည်။ မည်သို့ပင်ဖြစ်စေ အားလုံးကို ခြုံ၍ကြည့်လျှင် သူတို့၏လုပ်ငန်းသည် (၇၅) ရာခိုင်နှုန်းလောက်တော့ အောင်မြင်လိမ့်မည်ဟု သူတို့က ယုံကြည်ကြသည်။ တိုင်းပြည်နှင့်ချီသော လုပ်ငန်းကြီးတစ်ရပ်ကိုဆောင်ရွက်ရာတွင် ရာနှုန်းပြည့်အောင်မြင်ဖို့ဆိုသည်မှာ ပေပေါင်းနှစ်သောင်းကိုး ထောင်ကျော်မြင့်သော ဧဝရက်တောင်ကို တက်ရသည်ထက်ပင် ခက်ပေမည်။ ဤသဘောကို ဤပုဂ္ဂိုလ်နှစ်ယောက်လုံး ကောင်းစွာနားလည်ကြသည်။ သူတို့နှစ်ယောက်သည် နှစ်ယောက်ပေါင်းလျှင် ရာနှုန်းပြည့်ဖြစ်သည်။ တစ်ယောက်က စစ်သည်တော်၊ လက်တွေ့သမား။ တစ်ယောက်က နိုင်ငံရေးခေါင်းဆောင်၊ အတွေးအခေါ်သမား။ ဤသို့ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်နှစ်ဦး ပူးပေါင်းမိရာမှ ခိုင်မြဲသော ချစ်ကြည်မှုကိုရရှိကြခြင်း ဖြစ်သည်။

နေရူးသည် ဘုရင်ခံချုပ်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ရင်း တစ်စုံတစ်ရာကိုလေးလေးနက်နက် စဉ်းစားနေသည်။ သူသည် စိတ်ကူးသမား၊ အတွေးအခေါ်သမား ဖြစ်သော်လည်း သူ့စိတ်ကူး၊ သူ့အတွေးအခေါ်ကို သံသယဝင်နေသည်။ မှန်နိုင်၊ မမှန်နိုင် ဆန်းစစ်နေသည်။ ဖြစ်နိုင်၊ မဖြစ်နိုင်စောကြောနေသည်။ ဤကိစ္စသည် ကိုယ်ရေးကိုယ်တာကိစ္စမဟုတ်၊ နိုင်ငံရေးကိစ္စဖြစ်သည်။ ထို့ကြောင့် ပေါ့ပေါ့တန်တန် စဉ်းစား၍မဖြစ်။ စိတ်လိုက်မာန်ပါဆုံးဖြတ်၍ မဖြစ်။ နိုင်ငံနှင့်လူမျိုးအကျိုးကို အဓိကထား၍စဉ်းစားရမည်ဖြစ်သည်။ နိုင်ငံရေးကိစ္စတွင် ဖြစ်ချင်တာထက် ဖြစ်နိုင်တာကို အလေးအနက်ထားရမည်ဖြစ်သည်။ နောက်ဆုံးတွင် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချမှတ်လိုက်သည်။ ယင်းဆုံးဖြတ်ချက်ကား တခြားမဟုတ်၊ 'ဖြစ်နိုင်ပါတယ်' ဟူသော ဆုံးဖြတ်ချက်ဖြစ်သည်။

ထို့နောက် နေရူးက မောင့်ဘက်တန်အား ပြောလိုက်သည်။

"အိန္ဒိယနိုင်ငံလွတ်လပ်ရေးရပြီးတဲ့နောက် ဘုရင်ခံချုပ်အနေနဲ့ အင်္ဂလန်ကို မပြန်ပါနဲ့၊ အိန္ဒိယနိုင်ငံဆိုင်ရာ ဗြိတိသျှနေသဟာယဘုရင်ခံအဖြစ် ဆက်လက်ပြီး ဆောင်ရွက်စေချင်ပါတယ်"

နေရူးစကားကြောင့် မောင့်ဘက်တန်သည် အံ့အားသင့်သွား၏။ အံ့အားသင့်မည်ဆိုလျှင်လည်း သင့်စရာပင် ဖြစ်၏။ ဤသို့သောရက်ရောမှုမျိုး၊ ဤသို့သော ကမ်းလှမ်းချက်မျိုးကို အိန္ဒိယအမျိုးသားတစ်ဦးထံမှ အင်္ဂလိပ်အမျိုးသားတစ်ဦးက မည်သည့်အခါမျှ မရခဲ့ဖူးချေ။ တကယ်တော့ ဤစကားကိုနေရူးက အကြောင်းမဲ့ပြောခြင်း မဟုတ်၊ အကြောင်းရှိ၍ ပြောခြင်းသာဖြစ်၏။ ဤသို့ပြောရန် အကြောင်းကိုလည်း သူ၏အတိုက်အခံဖြစ်သူ ဂျင်းနားထံမှ ရရှိခဲ့ခြင်းဖြစ်၏။ အိန္ဒိယနှင့်ပါကစ္စတန်တို့ ခွဲခြမ်းခြင်းသည် နောက်ပိုင်းကာလတွင် ပြဿနာများပေါ်လာမည်ကို ဂျင်းနားက စိုးရိမ်သည်။ အထူးသဖြင့် ပါကစ္စတန်နိုင်ငံက ဝေစုနည်းရသည့်အထဲ မတရားအနိုင်ကျင့်ခံရမည်ကို တွေးပူမိသည်။ ထို့ကြောင့် ခွဲခြမ်းရေးကိစ္စလုံးဝပြီးပြတ်သွားသည်အထိ မောင့်ဘက်တန်က ဆက်လက်ကွပ်ကဲဆောင်ရွက်သွားစေလိုသည်။ ဖြစ်နိုင်လျှင် ခွဲခြမ်းရေးကိစ္စအားလုံးအတွက် မောင့်ဘက်တန်က ခုံသမာဓိပုဂ္ဂိုလ်အဖြစ် အပြီးတိုင် ဆောင်ရွက်သွားစေလိုသည်။ ဂျင်းနား၏ ဤသဘောထားကိုအခြေခံ၍ နေရူးကလည်း မောင့်ဘက်တန်အား ဓနသဟာယဘုရင်ခံအဖြစ် ဆက်လက်ဆောင်ရွက်ရန် တောင်းပန်ခြင်းဖြစ်သည်။

သို့သော်ဤကိစ္စကို မောင့်ဘက်တန်အနေဖြင့် ပေါ့ပေါ့တန်တန် စဉ်းစားဆုံးဖြတ်နိုင်မည်မဟုတ်။ သူ့အား လေးစားသောအားဖြင့် ပေးအပ်သောရာထူးမှာ ဂုဏ်ယူမြတ်နိုးစရာပင် ဖြစ်၏။ သူသည် လွန်ခဲ့သောလေးလအတွင်း အိန္ဒိယနိုင်ငံဆိုင်ရာ ပြဿနာများကို တတ်နိုင်သမျှ ပြေလည်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် မိမိနိုင်ငံသို့ သိက္ခာရှိရှိဖြင့် ပြန်နိုင်ပြီဖြစ်သည်။ သို့သော် ရှေ့အဖို့တွင် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံများအဖို့ ကြီးမားသော ပြဿနာများကို ရင်ဆိုင်ရဦးမည်ဖြစ်ရာ မိမိဆက်လက်နေထိုင်ခြင်းဖြင့် ယင်းအနာဂတ် ပြဿနာများကို ပြေလည်အောင် မဆောင်ရွက်နိုင်ခဲ့သော် ယခင်က အောင်ပန်းဆွတ်ခဲ့သမျှမှာ သဲထဲရေသွန်သလို အလဟဿ ဖြစ်ပြီး ဂုဏ်သိက္ခာကျသွားမည်ကို သူက အထူးပင် စိုးရိမ်မိသည်။

ဗြိတိသျှအင်ပါယာသည် အကြောင်းကြောင်းသော အကြောင်းကြောင်းများကို အကြောင်းပြု၍ နယ်ချဲ့လုပ်ငန်းကို လုပ်ကိုင်ခဲ့ရသည့်တိုင်အောင် နောက်ဆုံးပိတ်၌ သမိုင်းစာမျက်နှာပိတ်သောအခါတွင်ကား မိမိလူမျိုးနှင့် မိမိနိုင်ငံ၏ဂုဏ်သိက္ခာကို တတ်နိုင်သမျှ အဖတ်ဆယ်လိုသည်။ ထို့ကြောင့်လည်း သူသည် နေရူး၏ ကမ်းလှမ်းချက်ကို ချက်ချင်းလက်မခံသေးဘဲ စဉ်းစားနေခြင်းဖြစ်သည်။ နေရူး၏ကမ်းလှမ်းချက်ကို လက်ခံလျှင် ဂျင်းနားကလည်း အလားတူကမ်းလှမ်းချက် မျိုးဖြင့် မိမိအား ဂုဏ်ပြုမည်မှာ သေချာနေသည်။

မောင့်ဘက်တန်အား နေရူးက ကမ်းလှမ်းသော ရာထူး၏ဂုဏ်သိက္ခာကိုအက်တလီ၊ ချာချီနှင့် သူ့နောင်တော်ဘုရင်မင်းမြတ်တို့ကလည်း အလေးအနက် သဘောထားကြသည်။ ထို့ကြောင့်လည်း ထိုရာထူးကို လက်ခံရန် မောင့်ဘက်တန်အား တိုက်တွန်းကြခြင်းဖြစ်သည်။ အလားတူပင် ဂျင်းနားက ကမ်းလှမ်းလာလျှင်လည်း လက်ခံရန်အဆိုပြုကြသည်။

သို့သော်ထိုရာထူးကို သူ့အနေဖြင့် လက်မခံမီ ပုဂ္ဂိုလ်တစ်ဦးကိုတော့ ကျေးဇူးတင်ရဦးမည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကား အခြားမဟုတ်။ ကိုလိုနီကျွန်သဘောက်ဘဝသို့ ရာစုနှစ်ပေါင်းများစွာရောက်ရှိခဲ့ရသော အိန္ဒိယနိုင်ငံကြီးအား ကျွန်ဘဝမှလွတ်မြောက်စေခဲ့သော မဟတ္တမဂန္ဒီပင် ဖြစ်သည်။

ဂန္ဒီနှင့်မောင့်ဘက်တန်တို့သည် စိတ်နေသဘာဝအားဖြင့်လည်းကောင်း၊ အခြေအနေအားဖြင့်လည်းကောင်း တောင်နှင့်မြောက်ပမာ လုံးဝခြားနားသူများဖြစ်သည်။ သို့သော်လည်း သူတို့ နှစ်ယောက်ကြားတွင် တစ်စုံတစ်ရာသော ပေါင်းကူးဆက်နွယ်မှုကြောင့် ရင်းနှီးခင်မင်မှုရှိနေကြသည်။ မောင့်ဘက်တန်သည် ဂန္ဒီကြီးအား ကြည်ညိုသည်။ ဂန္ဒီ၏မြင့်မြတ်ကြီးကျယ်သောစိတ်ဓာတ်နှင့် အတွေးအခေါ်များကို လေးစားသည်။ ဂန္ဒီကလည်း သူ့ထက်အသက်(၃၀)ခန့်ငယ်ပြီး သူ၏တူသားအရွယ်မျှသာရှိသော မောင့်ဘက်တန်ကို ခင်မင်သည်။ မောင့်ဘက်တန်၏ ပွင့်လင်းမှုနှင့်ရိုးသားမှုတို့ကို လေးစားသည်။ ဇူလိုင်လတစ်နေ့ညနေပိုင်းတွင် ဂန္ဒီကြီးသည် ဘုရင်ခံချုပ်၏ရုံးခန်းထဲသို့ ဝင်လာသည်။ သူကမောင့်ဘက်တန်အား ကွန်ဂရက်၏ကမ်းလှမ်းချက်အတိုင်း ဓနသဟာယဘုရင်ခံရာထူးကို လက်ခံရန်ပြောကြားသည်။

ဂန္ဒီ၏တိုက်တွန်းစကားကို မောင့်ဘက်တန်က အလေးအနက်ထားသည်။ သူ့စကားသည် မိမိအားဂုဏ်ပြုစကားလည်းဖြစ်သည်။ မိမိနိုင်ငံအား ဂုဏ်ပြုစကားလည်း ဖြစ်သည်။ မောင့်ဘက်တန်သည် မိမိရှေ့ရှိ ဇရာမကုလားထိုင်ကြီးတွင် တစ်ကိုယ်လုံးမြုပ်မျှ ထိုင်နေသော ဂန္ဒီကြီးကို စိုက်ကြည့်နေမိသည်။ "ငါတို့ကသူ့ကို ထောင်ချခဲ့ကြတယ်၊ သိက္ခာချခဲ့ကြတယ်၊ ကဲ့ရဲ့သဂြိုဟ်ပြုခဲ့ကြတယ်၊ မသိကျိုးကျွံဆက်ဆံခဲ့ကြတယ်၊ ဒါပေမယ့် သူဟာကြီးမြတ်တဲ့စိတ်ထားနဲ့ ငါတို့ကို ဆက်ဆံနေတုန်းပါပဲလား" မောင့်ဘက်တန်က ယင်းသို့စဉ်းစားရင်း သူ့မျက်လုံးအစုံတွင် မျက်ရည်များဝဲလာမိသည်။ ထို့နောက် ဂန္ဒီကြီး၏စေတနာကို အထူးပင်လေးစားကျေးဇူးတင်ကြောင်း ပြန်ပြောလိုက်လေသည်။

ဂန္ဒီက မောင့်ဘက်တန်၏ ကျေးဇူးစကားကို ခေါင်းညိတ်ရုံမျှဖြင့်သာ တုံ့ပြန်သည်။ ထို့နောက်သူ၏နူးညံ့သောလက်ကို မောင့်ဘက်တန်၏မျက်နှာရှေ့တွင် တဖျပ်ဖျပ်လှုပ်ရမ်းကာ စကားဆက်သည်။

"အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့နောက်မှာ ဘုရင်ခံချုပ်အိမ်တော်နဲ့ မဂိုဥယျာဉ်ကြီးကို အိန္ဒိယနိုင်ငံသစ်က ပိုင်ဆိုင်သွားပြီ။ အိမ်တော်နဲ့ အသုံးအဆောင်ပစ္စည်းတွေအားလုံးကို အိန္ဒိယနိုင်ငံရဲ့ ဆင်းရဲသားပြည်သူတွေအကျိုးအတွက် အသုံးချရမှာပဲ။ အတိတ်က အုပ်ချုပ်သူတွေ စံစားခံစားခဲ့တဲ့ ခမ်းနားကြီးကျယ်မှုတွေကို အားလုံးစွန့်လွှတ်ပစ်ရမယ်။ အိန္ဒိယနိုင်ငံရဲ့ခေါင်းဆောင်သစ်တွေက စံနမူနာပြကြရမယ်။ ဒီတော့ ဘုရင်ခံချုပ်က နိုင်ငံသစ်ရဲ့ အကြီးအကဲတစ်ဦးအဖြစ် ပထမဦးဆုံးနမူနာပြစေချင်တယ်။ ဒီအိမ်တော်က ပြောင်းရွှေ့ပြီး အစေခံတွေ ထောင်ချီပြီးမရှိတဲ့ သာမန်အိမ်တစ်ဆောင်မှာ နေချင်တယ်။ ဒီအိမ်တော်က ပြောင်းရွှေ့ပြီး အစေခံတွေ ထောင်ချီပြီးမရှိတဲ့ သာမန်အိမ်တစ်ဆောင်မှာ နေချင်တယ်။ 'လွတ်ယင်နန်းတော်'ကိုလည်း ပြည်သူ့ဆေးရုံလုပ်ပစ်မယ်"

ဂန္ဒီကြီး၏စကားကို ကြားရသောအခါ မောင့်ဘက်တန်က ပြုံးလိုက်မိသည်။ တစ်ချိန်တည်းတွင် သူ့စိတ်ထဲကလည်း "အင်းဂန္ဒီကြီးကတော့ ငါ့ကိုပညာပေးနေပြီ။ သူကငါ့ကို ကိုယ့်ထမင်းကို ချက်စားခိုင်းနေပြီ။ အက်တလီ၊ ဘုရင်မင်းမြတ်၊ နေရူးနဲ့ ဂျင်းနားတို့က ငါ့ကိုကြီးလေးတဲ့ တာဝန်ကြီးတစ်ခု ထပ်ပေးကြတယ်။ အခုဒီပုဂ္ဂိုလ်ကြီးကတော့ ငါ့ကို မနက်တိုင်းကိုယ့်အိမ်သာအိုးကို ကိုယ်တိုင်ဆေးကြောသန့်ရှင်းပြီး ခြိုးခြိုးခြံခြံ ကျင့်ကြံနေထိုင်ရမယ့် အိန္ဒိယနိုင်ငံရဲ့ ပထမဦးဆုံး စံပြဆိုရှယ်လစ်ခေါင်းဆောင် လုပ်ခိုင်းနေပါရောလား" ဟူ၍ စဉ်းစားလိုက်မိလေသည်။

Larry Collins and Dominique Lapierre တို့ ရေးသော FREEDOM AT MIDNIGHT ကို မောင်ပေါ်ထွန်း (မြန်မာပြန်) အပိုင်း(၃၄)ကို ဆက်လက်ဖော်ပြပါမည်။

www.free4readers.com



# Editorial

## ငြိမ်းချမ်းရေးအတွက် လမ်းဆက်လျှောက်ကြရမည်

"အင်္ဂလိပ်အခက်ဗမာအချက်"ဟူသော စကားတွင်ကျယ်ဖူးသည်။ တစ်စုံတစ်ယောက်အခက်တွေ့နေချိန်တွင် ထိုးနှက်တိုက်ခိုက်လိုသူက အခွင့်ကောင်းယူ၍ ပျော့ကွက်ကိုနင်းကာ တိုက်ခိုက်လိုက်ခြင်းသဘောဖြစ်သည်။ ဒါကတစ်မျိုးသားလုံးနှင့်ဆိုင်သော တော်လှန်ရေးအတွက်ဖြစ်သည်။ ထောင် ထားခြားနားသူက အပျက်သဘောနှင့် ထိုပျော့ကွက်ကိုနင်းကာ တိုက်ခိုက် ခြင်းသည် အမျိုးသားရေးမဟုတ်သဖြင့် အကွက်ကောင်းတော့ မဟုတ်။ သူယုတ်တို့၏ဉာဏ်နီဉာဏ်နက်ထဲက ကောက်ကျစ်မှုသာဖြစ်သည်။

သည်နေ့အချိန်အခါသည် နိုင်ငံတော်၏ငြိမ်းချမ်းရေးရရှိရေးကိစ္စကို မဟာလုပ်ငန်းသဘောထားလျက် တစ်စိုက်မတ်မတ်နှင့်နက်နက် ရှိုင်းရှိုင်း ဆောင်ရွက်နေသော ချွေးမသပ်နိုင်ကာလဖြစ်သည်။ ဤတွင် နိုင်ငံရေး အသိနိုးကြားလာပြီဖြစ်သော ပြည်သူများကလည်း နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်လျက်ရှိသည်။

ထိုအခြေအနေတွင် ပြီးခဲ့သည့်ရက်ပိုင်းက ရခိုင်ပြည်နယ်အချို့ ဒေသများအပေါ် AA လက်နက်ကိုင်တို့ဝင်ရောက်ခိုက်တိုက်လာကြသည်။ ရဲကင်းစခန်းလေးခုကို တစ်ချိန်တည်းမှာ အလစ်အငိုက်ဝင်တိုက်သည်။ နိုးနိုးကြားကြားရှိသောပြည်သူတို့အချိန်နှင့် တစ်ပြေးညီသတိပြုမိကြပြီး အသံတွေထွက်လာကြသည်။ ဒီကိစ္စက တစ်နေရာရာက လူမျိုးတစ်မျိုးတို့အတွက် လုံခြုံရေးပြဿနာမဟုတ်ကြောင်း၊ မြန်မာပြည်သူတစ်ရပ်လုံး၊ တိုင်းရင်းသားလူမျိုးအားလုံးတို့အတွက် အမျိုးသားလုံခြုံရေးပြဿနာဖြစ်ကြောင်း နားလည်သဘောပေါက်စွာ AA လက်နက်ကိုင်တို့အပေါ် ကန့်ကွက်ကြသည်၊ အထူးသဖြင့် ဆိုရှယ်မီဒီယာတွေအပေါ်မှာ ထိုအသံများကိုကြားရသည်။

ဒီဘက်ပိုင်းက ပြည်သူတို့သည် ရန်သူစစ်စစ်၊ မိတ်ဆွေစစ်စစ်များကို အတော်ပင်ခွဲခြားသိမြင်နိုင်အောင် ကြိုးစားသင်ယူလေ့ကျင့်ပြီး ဉာဏ်စဉ်မြင့်သောပြည်သူများဖြစ်အောင် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းခဲ့ရသည်။ ဒါက ဒီမိုကရေစီစံနှုန်းနှင့် ညီညွတ်အောင် ကျင့်ကြံနေထိုင်နိုင်ခဲ့ခြင်း၏ အကျိုးရလဒ်လည်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူတို့မအ,မတုံးတော့ပါ။

ငြိမ်းချမ်းရေးသည် ဒီနေ့မျက်မှောက်မြန်မာနိုင်ငံ၏အရေးတကာ့အရေးကြီးဆုံးကိစ္စဖြစ်သည်ကို ပြည်သူတို့နားလည်သည်။ ထို့ကြောင့် နိုင်ငံတော်ကို အစဉ်မပြတ် (ကျသည့်နေရာမှ)ကူညီနေသည်။ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာမတူများပေါင်းစုံနှင့် ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်နေထိုင်ဆက်ဆံခြင်းသည် နိုင်ငံတော်ကိုကူညီရာရောက်မှန်း ပြည်သူတို့နားလည်သဘောပေါက်သည့်အလျောက် ဘယ်လိုပဋိပက္ခမှမဖြစ်အောင် သတိမူနေထိုင်ခဲ့ကြသည်။ အထူးသဖြင့် လူမျိုးတစ်မျိုးက အခြားလူမျိုးတစ်မျိုးအပေါ် ဖိနှိပ်ခြင်း၊ တန်းတူအခွင့်အရေးမပေးခြင်းဟူသည် မရှိစဖူးသောကိစ္စ။

သို့တိုင် AA ကအဘယ်ကြောင့် ရန်ငြိုးရန်ဘက်ပမာ ပစ်ခတ်တိုက်ခိုက်မှုတွေ လုပ်ရသနည်း။ စဉ်းစားစရာရှိမည်။

ဒီနေ့ကမ္ဘာကြီးသည် သူ၏အတွင်းပိုင်း၊ အစိတ်အပိုင်းများက တစ်ခုနှင့်တစ်ခု၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွန်ရက်များဖြင့်ဖွဲ့စည်းထားသော ဆက်စပ်မှုများနှင့် ဖွဲ့စည်းထားခံရသည့်ကမ္ဘာကြီးဖြစ်သည်။ သူရှုးကလွဲ၍ အကြောင်းမဲ့ဟူ၍ ဘာမှမရှိ။ တဲ့တိုးပြောလျှင် ဒီခေတ်သည် လက်မည်းကြီးများခေတ်ဖြစ်သဖြင့် ဒီကမ္ဘာသည်လည်း လက်မည်းကြီးများ၏ကမ္ဘာဖြစ်သည်။ စဉ်းစားစရာတွေအများကြီးရှိမည်။

မည်သို့ဆိုစေ . . . တစ်ဖက်ကစဉ်းစားစရာရှိတာကို စဉ်းစားပြီး လုပ်စရာရှိတာကို လုပ်ရမည်ဖြစ်သလို နိုင်ငံနှင့်ပြည်သူတို့အဓိကထား လျှောက်လှမ်းလျက်ရှိသည့် ငြိမ်းချမ်းရေးလမ်းကိုတော့ ဆက်လက်ချီတက်ရမည်ပင်ဖြစ်သည်။



# လော့ဒ်ဒပ်ဖရင်(သို့မဟုတ်)မြန်မာပြည်အား ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းခဲ့သူ

□ မောင်ဖြူစင်(ကော့မှူး) □

ခရစ်နှစ်သစ်ကူးတိုင်း မြန်မာနိုင်ငံသားတွေက နှစ်သစ်ကြိုပွဲကို စည်ကားပျော်ရွှင်စွာ ကျင်းပနေကြပါတယ်။ အတိတ်မြန်မာသမိုင်းရဲ့ ခရစ် ၁၈၈၅ခုနှစ် မြန်မာနိုင်ငံရဲ့ နှစ်ကုန်ပိုင်းတွေဟာ မနှစ်မြို့ဖွယ် သင်ခန်းစာယူဖွယ်နေ့ရက်တွေဖြစ်နေပါတယ်။ မြန်မာလူမျိုးတွေဟာ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ ပျူ ပုဂံ၊ အင်းဝ၊ ညောင်ရမ်း၊ကုန်းဘောင်ခေတ်ဦးပိုင်းထိ တန်ခိုးသြဇာ ဘုန်းမီးနေလတောက်ပပြီး လွတ်လပ်တဲ့လူမျိုး၊ အချုပ်အခြာအာဏာပိုင် ပဒေသရာဇ်နိုင်ငံတော်အဖြစ် ရပ်တည်လျက်ရှိပါတယ်။ သို့သော် ၁၈၈၅ခုနှစ် နှစ် ကုန်ပိုင်း ကုန်းဘောင်ခေတ်နှောင်း ရတနာပုံခေတ်ကာလ သီပေါမင်း(အေဒီ ၁၈၇၈-၁၈၈၅)လက်ထက်မှာ တိုင်းပြည်လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝ ရောက်ခဲ့ရပါတယ်။ ၁၈၈၅ခုနှစ် တတိယအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲဖြင့် မြန်မာပြည်သိမ်းကာ ဗြိတိသျှအင်ပါယာအတွင်း သွတ်သွင်းခဲ့သူက အိန္ဒိယဘုရင်ခံချုပ်လော့ဒ်ဒပ်ဖရင်(Loard Dufferin)ဖြစ်ပါတယ်။

၂၁၊ ဇွန်၊ ၁၈၂၆မှာ အိုင်းရစ်သူကောင်းမျိုး အိုင်ယာလန်ကျွန်းဒေါင်း ခရိုင်မြောက်ပိုင်းတွင် မြေယာများစွာ ပိုင်ဆိုင်သော ဒပ်ဖရင်မြို့စားဘွဲ့နဲ့ ကလင်ဒီဗွိုင်းမြို့စားဘွဲ့ရ စတုတ္ထမြောက် နယ်စားကြီး ပရိုက်ဘလက်ဝတ်နဲ့ ဟယ်လင် ဆလီနာရှာရီဒန်တို့မှ ဖွားမြင်တဲ့ တစ်ဦးတည်းသောသားဖြစ်ပါတယ်။ အောက်စဖို့တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး ၁၈၆၄-၆၆ခုနှစ်တွင် လောဒ်ပါလ်မာစတင်နဲ့ ရပ်စဲလ်မြို့စားများရဲ့စစ်ဘက်နဲ့ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်ကလေးအဖြစ် အမှုထမ်းတယ်။ ၁၈၇၁ခုနှစ်မှာ ဒပ်ဖရင်မြို့စားဘွဲ့(Earl of Dufferin) ချီးမြှင့်ခံရပြီး ၁၈၇၂ခုနှစ်တွင် ကနေဒါနိုင်ငံရဲ့ဘုရင်ခံချုပ်အဖြစ် အမှုထမ်းပါတယ်။ ၁၈၇၈-၇၉ ခုနှစ်များက ရုရှားနိုင်ငံဗြိတိသျှသံအမတ်ကြီးအဖြစ် တာဝန်ထမ်းပြီး ၁၈၈၄-၈၈ခုနှစ်များမှာ အိန္ဒိယဘုရင်ခံချုပ်အဖြစ် တာဝန်ထမ်းခဲ့သူဖြစ်ပါတယ်။ လော့ဒ်ဒပ်ဖရင် အိန္ဒိယဘုရင်ခံချုပ်အဖြစ် တာဝန်ထမ်းစဉ် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့ရပါတယ်။ အထက်မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ဖို့ အကြောင်းရှာနေတဲ့ နယ်ချဲ့ဗြိတိသျှတို့က ဘုံဘေဘားမားသစ်ကိစ္စကိုအကြောင်းပြုပြီး ၃၀၊ အောက်တိုဘာ၊ ၁၈၈၅မှာ မြန်မာဘုရင်အစိုးရ လက်သင့်မခံနိုင်ဘဲ တစ်ဖက်သတ်တောင်းဆိုချက်တွေပါတဲ့ ရာဇသံကို ပေးပို့တယ်။ ထိုရာဇသံပါအချက်တွေကို မြန်မာဘုရင်အစိုးရဘက်မှ ၁၀၊ နိုဝင်ဘာ၊ ၁၈၈၅မှာ နောက်ဆုံးထားပြန်ကြားရမယ်လို့ ပါရှိပါတယ်။

မြန်မာဘုရင်အစိုးရက ရာဇသံပါအချက်တွေကို လက်သင့်မခံနိုင်တာကြို သိတဲ့ အိန္ဒိယဘုရင်ခံချုပ်လော့ဒ်ဒပ်ဖရင်က မြန်မာနယ်ခြားမှာ မေဂျာဂျင်နရယ်ပရင်ဒါဂတ်(Major General Sir Harry Prendergast) ဦးဆောင်တဲ့ စစ်ဦးစီးအဖွဲ့ကို ပြည်သိမ်းတိုက်ပွဲဆင်ဖို့ အသင့်ပြင်ထားပြီးဖြစ်ပါတယ်။ ဒပ်ဖရင်က မြန်မာနယ်စပ်ကို ဖြတ်ကျော်ပြီးတာနဲ့ မြန်မာတို့ဘက်မှ ဘယ်ကမ်းလှမ်းချက်ကိုမှ လက်သင့်မခံဘဲ မန္တလေးမြို့ကိုသိမ်းပိုက်ကာ သီပေါမင်းကို နန်းချရမယ်လို့ ပရင်ဒါဂတ်ကို ညွှန်ကြားပြီးဖြစ်ပါတယ်။ ထို့ပြင် ဒပ်ဖရင်က မိမိတို့သည် မိမိတို့အကျိုးကို မလိုလားရုံသာမက ပြေပြစ်စွာဆက်ဆံလို့မရတဲ့ အစိုးရနဲ့သာ စစ်ဖြစ်ခြင်းဖြစ်ကြောင်း၊ အောက်မြန်မာနိုင်ငံမှာရှိတဲ့ မြန်မာလူမျိုးတွေနဲ့ အမျိုးအနွယ်ယုံကြည်မှုချင်းတူညီတဲ့ အပြစ်မဲ့ အထက်မြန်မာ နိုင်ငံသားတွေကို ရန်ပြုမှာမဟုတ်ကြောင်း အထက်မြန်မာနိုင်ငံသားတွေသိအောင် ဆောင်ရွက်ဖို့ကိုလည်း ပရင်ဒါဂတ်ကို ညွှန်ကြားခဲ့ပါသေးတယ်။ ဒပ်ဖရင် ဗြိတိသျှတွေတိုက်တဲ့ကျူးကျော်စစ်ဟာ သီပေါမင်းအစိုးရရဲ့ ရန်လိုတဲ့အပြုအမူကြောင့်သာ တိုက်တဲ့စစ်၊ တရားသောစစ်အဖြစ် ပုံဖော်ပြောဆိုခဲ့ပါတယ်။ မြန်မာဘုရင်အစိုးရက ၄၊ နိုဝင်ဘာ၊ ၁၈၈၅မှာ ဗြိတိသျှရာဇသံနဲ့ပတ်သက်လို့ ပြန်ကြားစာပေးပို့ခဲ့ပြီး ၇၊ နိုဝင်ဘာ၊ ၁၈၈၅မှာ စစ်ရေးကြုံရင်‚ရင်ဆိုင်ဖို့ ညီလာခံကျင်းပပြီး ဆွေးနွေးတိုင်ပင်ကြပါတယ်။ ဗြိတိသျှတို့နဲ့ စစ်ပြိုင်လိုတဲ့ မှူးမတ်အများစုဖြစ်တာကြောင့် ၇၊ နိုဝင်ဘာ၊ ၁၈၈၅မှာ နယ်ချဲ့ဗြိတိသျှတို့ကို ခုခံတိုက်ခိုက်ဖို့ စစ်သည်တော်စည်းရုံးဆင့်ဆိုတဲ့ အမိန့်ထုတ်ပါတယ်။

လော့ဒ်ဒပ်ဖရင်ကလည်း ဗြိတိသျှရာဇသံအပေါ် မြန်မာဘုရင်အစိုးရရဲ့ ပြန်ကြားချက်ဟာ ကျေနပ်ဖွယ်မရှိလို့ ဆုံးဖြတ်ပြီး အထက်မြန်မာနိုင်ငံကို တက်သိမ်းဖို့ ၁၀၊ နိုဝင်ဘာ၊ ၁၈၈၅ မှာ လန်ဒန်အစိုးရထံ ကြေးနန်းနဲ့ အမိန့်တောင်းခံတယ်။

၁၁၊ နိုဝင်ဘာ၊ ၁၈၈၅မှာ နယ်ခြားသရက်မြို့တွင် ပြည်သိမ်းတိုက်ပွဲဝင်ဖို့ အသင့်စောင့်နေတဲ့ ပရင်ဒါဂတ်က ဒပ်ဖရင်ထံ မန္တလေးသို့ချက်ချင်းချီတက်ခွင့် အမိန့်ထုတ်ပေးဖို့ တောင်းခံတဲ့ ကြေးနန်းပေးပို့ပါတယ်။ မြန်မာဘုရင်အစိုးရကလည်း ကျူးကျော်စစ်ကိုတားဖို့ ၁၁၊ နိုဝင်ဘာ၊ ၁၈၈၅မှာ တပ်များကို အောက်မြစ်စဉ်ကြောင်း၊ တောင်တွင်းကြီးကြောင်းနဲ့ တောင်ငူကြောင်း စတင်ချီတက်စေပါတယ်။ ဒပ်ဖရင်ရဲ့ အမိန့်အရ ဗိုလ်ချုပ်ပရင်ဒါဂတ်ဟာ ၁၄၊ နိုဝင် ဘာ၊ ၁၈၈၅မှာ ပြည်သိမ်းတိုက်ပွဲဆင်နွှဲဖို့ မန္တလေးသို့ ချီတက်လာခဲ့ပါတယ်။ ၂၆၊ နိုဝင်ဘာ၊ ၁၈၈၅မှာ မြန်မာဘုရင်အစိုးရက စစ်ရပ်စဲရေးဆွေးနွေးပြီး ၂၇၊ နိုဝင်ဘာ၊ ၁၈၈၅မှာ အင်းဝနဲ့ စစ်ကိုင်းခံတပ်တွေမှာရှိနေတဲ့ မြန်မာဘုရင်တပ်များ လက်နက်ချခဲ့ကြပါတယ်။ ဗြိတိသျှပြည်သိမ်းတပ်တွေဟာ ၂၈၊ နိုဝင်ဘာ၊ ၁၈၈၅မှာ မန္တလေးနေပြည်တော်သို့ ရောက်ရှိခဲ့ပြီး စစ်ရှုံးသူ သီပေါမင်းနဲ့ တွေ့ဆုံကာ လက်နက်ချအခမ်းအနားကို ၂၉၊ နိုဝင်ဘာ၊ ၁၈၈၅မှာ ကျင်းပဖို့ဆုံးဖြတ်ခဲ့ကြပါတယ်။ ၁၉၊ နိုဝင်ဘာ၊ ၁၈၈၅ခုနှစ် ညနေ ၆း၃၀နာရီတွင် မြန်မာဘုရင်သီပေါမင်း၊ မိဖုရားစုဖုရားလတ်နဲ့ နောက်လိုက်နောက်ပါတို့ကို ရွှေနန်းတော်မှချပြီး သူရိယသင်္ဘောပေါ်တင်ဆောင်ကာ ၃၀၊ နိုဝင်ဘာ၊ ၁၈၈၅ တွင် ရန်ကုန်သို့ပို့ဆောင်ပါတယ်။ ၃၊ ဒီဇင်ဘာ၊ ၁၈၈၅တွင် ရန်ကုန်သို့ ရောက်ရှိပြီး ၁၀၊ ဒီဇင်ဘာ၊ ၁၈၈၅မှာ ရန်ကုန်မှ အိန္ဒိယနိုင်ငံ မဒရပ်၊ ရတနာဂီရိမြို့များသို့ ပြန်လမ်းမရှိ အကျဉ်းစံနန်းကျဘုရင်အဖြစ် ပို့ဆောင်ခံခဲ့ရပါတယ်။ အထက်မြန်မာပြည်သိမ်းပြီးနောက် နယ်ချဲ့ဗြိတိသျှတို့က ၁၅၊ ဒီဇင်ဘာ၊ ၁၈၈၅မှာ စစ်အုပ်ချုပ်ရေးမှ မြို့ပြအုပ်ချုပ်ရေးသို့ ပြောင်းလဲအုပ်ချုပ်ခဲ့ကြပါတယ်။ ၁၈၈၅ခုနှစ် နှစ်ကုန်ရက်တွေက မြန်မာဘုရင် သီပေါမင်းပါတော်မူကာ သူ့ကျွန်ဘဝ ကျရောက်ခဲ့ရတဲ့ ရက်တွေဖြစ်ပါတယ်။

၁၊ ဇန်နဝါရီ၊ ၁၈၈၆မှာ အိန္ဒိယဘုရင်ခံချုပ်လော့ဒ်ဒပ်ဖရင်က "ယခင် သီပေါဘုရင် စိုးမိုးအုပ်ချုပ်ခဲ့သော နယ်ပယ်များကို ဗြိတိသျှကေရီဘုရင်မကြီး၏ နယ်ပယ်များအနက် နယ်ပယ်တစ်ခုအဖြစ် သတ်မှတ်လိုက်ကြောင်း၊ မြန်မာနိုင်ငံကို အုပ်ချုပ်ရန်အတွက် အရာရှိများကို အိန္ဒိယဘုရင်ခံချုပ်က အခါအားလျော်စွာ ခန့်အပ်တာဝန်ပေးကာ အုပ်ချုပ်သွားမည်ဖြစ်ကြောင်း"အမိန့်ပြန်တမ်း ထုတ်ပြန်ခဲ့ပါတယ်။ ထိုပြန်တမ်းအရ ပဒေသရာဇ်မြန်မာနိုင်ငံဟာ ဗြိတိသျှ အင်ပါယာအတွင်း အိန္ဒိယရဲ့ပြည်နယ်တစ်ခုအဖြစ် ရောက်ရှိခဲ့ရပါတယ်။

အထက်မြန်မာနိုင်ငံအုပ်ချုပ်ရေးနဲ့ပတ်သက်လို့ ဗြိတိသျှအစိုးရထံ ပြည့်စုံစွာ အစီရင်ခံနိုင်ဖို့ ၁၂၊ ဖေဖော် ဝါရီ၊ ၁၈၈၆တွင် လော့ဒ်ဒပ်ဖရင်က လေဒီဒပ်ဖရင်၊ စစ်သေနာပတိချုပ် ဆာဖရယ်ဒရစ်ရောဘတ်တို့နဲ့အတူ မန္တလေးသို့ရောက်ရှိလာပါတယ်။

♦ မောင်ဖြူစင်(ကော့မှူး) ♦

စာမျက်နှာ(၂၀)သို့ ➤➤

THE SUN RAYS

အမှတ်(၀၉၀၃/ဘီ)၊ လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ် (ကမ္ဘောဇဘဏ်အနီး)၊ More & More Gold and Jewellery ဆိုင်ဘေးလှေကားမှဝင်၍ ဓာတ်လှေကားဖြင့် ၉ လွှာသို့တက်ပါ။

ဖုန်း-၀၉-၂၅၄၀၁၂၇၂၂

email.thesunraynews@gmail.com

ထုတ်ဝေသူ
ဦးခင်အေး (၀၀၄၉၈)
09 400400051

ဥပဒေရေးရာအကြံပေး
တင်သန်းဦး

ပုံနှိပ်
ပြည်အေး - ပုံနှိပ်တိုက်
09 5169728

တာဝန်ခံအယ်ဒီတာ
ရဲဝင်း

ဖြန့်ချိရေး
ဦးကျော်တင့်

ပုံနှိပ်သူ
ဦးခွန်ပြည်အေး(၀၀၈၉၂)
အမှတ် - ၂၆၃၊ YMCAဝင်း (၉)ရပ်ကွက်၊ ဗိုလ်တထောင်။

သူရိယနေဝန်းဂျာနယ်ပါဓါတ်ပုံများကို အင်တာနက်မှ ကူးယူဖော်ပြပါသည်။

## ပြည်တွင်းစစ်နဲ့ တိုင်းပြည်

ရာစုသစ်(mgy)

- ဟိုက မပစ်ရင် ဒီက ပစ်
ဒီက မပစ်ရင် ဟိုက ပစ်
ပြည်တွင်းစစ်ကြီးဖြစ်နေမှ
တို့တိုင်းပြည်ဆိုတာ သေချာတယ်။

ရာစုသစ်(mgy)

www.free4readers.com



# AA အဖွဲ့တိုက်ခိုက်ခြင်းနှင့် နောက်ဆက်တွဲများ

၅-၁-၂၀၁၉စနေနေ့ထုတ် မြန်မာအစိုးရသတင်းစာများနှင့် ပုဂ္ဂလိကသတင်းစာများမှတစ်ဆင့် Arakan Army ကဘူးသီးတောင်မြို့နယ်ရှိ ရဲကင်းစခန်းလေးခုကို တစ်ပြိုင်နက်ဝင်ရောက်တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် ၁၃ဦး ကျဆုံးကြောင်း ဝမ်းနည်းစွာသိရပါတယ်။ ၆-၁-၂၀၁၉တနင်္ဂနွေနေ့ထုတ် London မှ Guardian သတင်းစာနှင့် အယ်ဂျာဇီးယားသတင်းဌာနတို့ကလည်းအလားတူသတင်းများရေးသားခဲ့သည်ကိုဖတ်ရပြီးရခိုင်ပြည်နယ်အတွက်သာမကမြန်မာပြည်၏ရှေ့ရေးအတွက်ပါဆွေးနွေးလိုက်ပါသည်။

ဧပြီ၊ ၁၀ရက် ၂၀၀၉တွင် တည်ထောင်သောအာရကန်လက်နက်ကိုင်အဖွဲ့Arakan Army သည် United League of Arakan (ULA)၏လက်နက်ကိုင်အဖွဲ့ဖြစ်ပြီး (မိမိကိုယ်တိုင်ရာထူးပေးသော Major General ဗိုလ်မှူးချုပ်ထွန်းမြတ်နိုင်က ဦးဆောင်လျက် အဖွဲ့ဝင်စစ်သည် ၂၀၁၄ ခန့်မှန်း) ၁၅၀၀မှ ၂၅၀၀ရှိသော လက်နက်ကိုင်အဖွဲ့ဖြစ်သည်။စစ်ရေးအဖွဲ့ဒုခေါင်း ဆောင်ညိုထွန်းအောင်အဆိုအရ AA အဖွဲ့သည် ရခိုင်လူမျိုးတို့ကိုကာ ကွယ်ရန်၊ ငြိမ်းချမ်းရေး တည်ဆောက်ရန်၊ တရားမျှတမှု၊ လွတ်လပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရန် အတွက် ရည်ရွယ်သည်ဟု AA အဖွဲ့ Online တွင် To protect our Arakan people, and to establish peace, jutice, freedom and develop -ment ကြေညာခဲ့သည်။

AAသည် ကချင်ပြည်နယ် တိုက်ပွဲများတွင်ပါဝင်လျက် မြန်မာအစိုးရတပ်များ(တပ်မတော်)ကို တိုက်ခိုက်ရာမှ စစ်ရေးအတွေ့အကြုံရရှိခဲ့သည်။အဖွဲ့၏အဓိကတောင်းဆိုချက်များမှာ (၁)ရခိုင်တိုင်းရင်းသားများ မိမိတို့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်Self determination for multi-ethnic Arakan population(၂) အမျိုးသားရေးကို ထိန်းသိမ်းတိုးတက်စေခွင့် Promotion of the national Identity of Arakan people (၃) ရခိုင်တို့၏ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကိုတိုးတက်ရန် National dignity and best interests of Arakan people ဟုကြေညာခဲ့သည်။




၂၀၁၅ ဖေဖော်ဝါရီတွင် AA တပ်ဖွဲ့ဝင်အချို့ကမြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့ Myanmar Nationalities Democratic Alliance Army (MNDAA)မှတအာင်းအမျိုးသားလွတ်မြောက်ရေးတပ်(TNLA)နှင့်လက်တွဲတိုက်ပွဲဝင်ခဲ့သည်။ ဧပြီ ၂၀၁၅တွင် AA တပ်များနှင့် မြန်မာ့တပ်မတော်တို့ ကျောက်တော်နှင့် ပလက်ဝမြို့နယ်များတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ဩဂုတ် ၂၇၊ ၂၀၁၅တွင် AA တပ်များနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတပ်များ Boro Modak ဒေသ၊ Bandaran ခရိုင်တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ဒီဇင်ဘာ၊ ၂၀၁၅အတွင်း မြန်မာ့တပ်မတော်နှင့် AA တပ်တို့ စစ်တွေမြို့ မြောက်ဘက် မိုင်၄၀အကွာတွင် ရက်အတန်ကြာ တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့သည်။ မြန်မာ့တပ်မတော်မှတပ်ရင်းမှူးတစ်ဦး Sniper ထိမှန်ကျဆုံးခဲ့သည်ဟုဆိုသည်။

အောက်တိုဘာလ ၂၀၁၆တွင် မြန်မာ့တပ်မတော်နှင့် ARSAတို့တိုက်ပွဲအပြီးတွင် AAက သတင်းထုတ်ပြန်ချက် Press Release တွင် ရိုဟင်ဂျာကယ်တင်ရေးတပ်Arakan Rohingya Salvation Army ကို ရက်စက်ကြမ်းကြုတ်သောဘင်္ဂါလီမွတ်စလင်အကြမ်းဖက်အဖွဲ့Savage Bengali Muslim Terrorists ဟု ခေါ်ဆိုခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုများကို Rampage of the Bengali Islamic Fundamentalist Militant ဘင်္ဂါလီအစွန်းရောက်အစ္စလာမ်တို့၏ ရက်စက်မှုဟုဝေဖန်ခဲ့သည်။ ၂၀၁၇ခု နိုဝင်ဘာတွင် AA တပ်များနှင့် မြန်မာ့တပ်မတော်တို့ ချင်းပြည်နယ်တွင် ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

မည်သို့ပင် ကြွေးကြော်ရေးသားဝါဒဖြန့်သည်ဖြစ်စေ ဒီမိုကရေစီဝါဒနှင့်လွတ်လပ်ရေးကိုယ်ပိုင်ဆုံးဖြတ်ခွင့်တို့ကိုလက်နက်ကိုင်တောင်းဆိုခြင်းသည်လမ်းမှားကို လိုက်ခြင်းသာဖြစ်ပြီး အကြမ်းဖက်နည်းဖြင့်ရရှိသော လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် Freedom and Autonomy တို့သည် ရေရှည်တည်မြဲခြင်းမရှိကြောင်း ကမ္ဘာနှင့် မြန်မာ့သမိုင်းတို့က အကြိမ်ကြိမ်သက်သေပြခဲ့ပြီးဖြစ်ပါသည်။ Those who rule by the sword shall die by it "လက်နက်နဲ့ အုပ်ချုပ်ရယူခြင်းသည် လက်နက်ဖြင့်ကျဆုံးသေကြေရမည်"ဟုဆိုလိုပြီး အလွယ်ဆုံးဥပမာမှာ စာရေးသူတို့ ၁၉၇၄တက္ကသိုလ်ကျောင်းသားဘဝက ရုပ်ရှင်ရုံကြီးများတွင် ပြခဲ့သော Harold Robbins ၏ The Adventurers ကိုကြည့်ပြီး သင်ခန်းစာယူနိုင်ပါသည်။

ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ကြသော အာရှ အာဖရိကနိုင်ငံများတွင် ဒုတိယကမ္ဘာစစ်အတွင်း လက်နက်ကိုင်တော်လှန်ရေးဖြင့် တိုက်ပွဲဝင်ခဲ့သော အာရှတိုက်မှ မြန်မာ၊ အာဖရိကမှ အီဂျစ်နှင့် နိုင်ဂျီးရီးယား၊ လစ်ဗျားတို့တွင် လွတ်လပ်ရေးရအပြီး ပြည်တွင်းစစ်များ ဆက်လက်ဖြစ်ပွားပြီး စစ်အစိုးရများသာ ဆက်လက် အာဏာယူလျက် တိုင်းပြည်၏လူမှုရေး၊ ပညာရေး၊ စီးပွားရေးတို့ နိမ့်ကျဆင်းရဲလျက် ကမ္ဘာ့နောက်ပိတ်ဆုံး နိုင်ငံများဖြစ်လျက်ရှိပါသည်။ ငြိမ်းချမ်းသောနိုင်ငံရေးနည်းဖြင့် လွတ်လပ်ရေးရယူခဲ့သော မလေးရှား၊ စင်ကာပူ၊ နယူးဇီလန်၊ ဩစတြေးလျတို့တွင် လွတ်လပ်ရေးရပြီး တည်ငြိမ်သောအစိုးရအဖွဲ့များတွင် အရပ်သားအစိုးရများက Civil Government များထူထောင်လျက်လူမှု၊ စီးပွား၊ ပညာရေး၊ ကျန်းမာရေး တို့ဖွံ့ဖြိုးတိုးတက်လျက် ရှိပါသည်။

မြန်မာနိုင်ငံနှင့်ဆင်တူသော အင်ဒိုနီးရှားနိုင်ငံသည် ဒတ်ချ် ကိုလိုနီအဖြစ် နှစ်ပေါင်း ၂၀၀ကျော်ကျရောက် ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းတွင်ဂျပန်တပ်များဝင်ရောက်လာပြီးလူထုကလက်နက်စွဲကိုက်လျက် တိုက်ထုတ်ခဲ့သည်။ ဒတ်ချ်ကိုလိုနီအစိုးရက စစ်ကြီးအပြီးဝင်ရောက်လာပြန်ရာ တိုက်ပွဲများထပ်မံဖြစ်ပွားပြန်သည်။ လွတ်လပ်ရေးရအပြီး ကွန်မြူနစ်သူပုန်များကို ဗိုလ်ချုပ်ဆူကာနိုက တိုက်ထုတ်ရန် ဦးနုအစိုးရက လက်နက်ကူညီထောက်ပံ့ခဲ့သည်။ ဗိုလ်ချုပ်ဆူကာနိုကပင် အာဏာသိမ်းလျက် စစ်မိန့် Military Decree ဖြင့် အုပ်ချုပ်ခဲ့ရာ သယံဇာတကြွယ်ဝသော အင်ဒိုနီးရှားနိုင်ငံတွင် ဗိုလ်ချုပ်များချမ်းသာပြီး လူထုဆင်းရဲခဲ့သည်။ ဗိုလ်ချုပ်ကြီးဆူဟာတိုလက်ထက် ၁၉၉၈တွင် လူထုအုံကြွမှုဖြစ်ပြီး လမ်းပေါ်ရှိငြိမ်းချမ်းစွာဆန္ဒပြသူတို့ကို ရက်စက်ယုတ်မာ စွာသေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ဗိုလ်ချုပ်ကြီးဆူဟာတိုပြုတ်ကျသော ၁၉၉၈အပြီး အရပ်သားလွှတ်တော်တွင် စစ်တပ်က ၁၂ရာခိုင်နှုန်းနေရာခွဲတမ်းရခဲ့သည်။ ၂၀၀၈ ဆူနာမီမုန်တိုင်းကြောင့် အင်ဒိုနီးရှားလူမျိုးငါး သAA လက်နက်ကိုင်အဖွဲ့နည်းတူ မြန်မာတစ်နိုင်ငံလုံးမှ လက်နက်ကိုင် အဖွဲ့အားလုံးက အခက်အခဲများကို အကြမ်းဖက်နည်းလက်နက်ဖြင့် စစ်တိုက်ခြင်းသည် မှားယွင်းသည်ဟု လက်ခံနားလည်ပြီး နှစ်ဦးနှစ်ဖက် လုံးက တကယ်စိတ်ပါလက်ပါ ငြိမ်းချမ်းရေးကို စေ့စပ်ဆွေးနွေး အလျှော့အတင်း Compromise လုပ်ခြင်းသည်သာ နည်းလမ်းမှန်ဖြစ်ပြီး တည်ငြိမ်တိုး တက်သော နိုင်ငံတည်ဆောက်နိုင်မည်။

ကိုလံဘီယာနိုင်ငံ၏ FARC သူပုန်များ၊ အင်ဒိုနီးရှား၏ Aceh နှင့် Papua ပြည်နယ်တို့မှ လက်နက်ကိုင် တော်လှန်ရေးတိုက်ပွဲဝင်နေသူများကို (၁)ဖက်ဒရယ်မူဝါဒကျင့်သုံးသော အစိုးရဖွဲ့ရန် အာဏာရအစိုးရက ကတိပြုသည်။(၂)လက်နက်ကိုင်တပ်ဖွဲ့ဝင်များ(အစိုးရနှင့်သူပုန်တပ်ဖွဲ့ဝင်များအားလုံး လက်နက်နှင့်ယူနီ ဖောင်းစွန့်လျက်) မျှတ၊ သန့်ရှင်း၊ လွတ်လပ်၊ ငြိမ်းချမ်းသော အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် မိမိတို့၏ ပြည်နယ်၊ မိမိတို့လူမျိုးစု၏ အကျိုးကိုဆောင်ရွက်ရန် ကတိပြုသည်။ (၃)ဒီမိုကရေစီဖက်ဒရယ်နိုင်ငံသည်သာ လူမျိုးစုငယ် Ethnic Minority တို့၏ ရပ်တည်မှု၊ ဖွံ့ဖြိုးမှုကိုကာကွယ်သည်ဟု ယုံကြည်စွာကတိပြုသည်. . စသည့် အာမခံချက်ကို UN သို့မဟုတ် ကြားနေနိုင်ငံကြီးတစ်ခုက ကြီးကြပ်လျက်၊ ဆွေးနွေးညှိနှိုင်းလျက် ငြိမ်းချမ်းရေးရယူနိုင်ကြသည်။

AA၏အခြေအနေသည် အလွန်အန္တရာယ်များသောအချိန်နှင့်နေရာတွင်ရှိနေပါသည်။မြန်မာလက်ရှိအစိုးရသည် ရခိုင်ပြည်နယ်အရေးအခင်းဟုခေါ်နိုင်သော သမိုင်း၏ဆိုးမွေကိုလက်ခံရရှိခဲ့သည်။ ခေတ်အဆက်ဆက် မည်သည့်အစိုးရကမှ ထိရောက်စွာမဖြေရှင်းခဲ့၊ မဖြေရှင်းနိုင်ခဲ့သော ပြဿနာကို ရရှိခဲ့သည်။ ဆုံးဖြတ် ရွေးချယ်မှုလွဲမှားသဖြင့် နိုင်ငံတကာက အပြစ်တင်ခံရလျက် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဖွံ့ဖြိုးမှုများ မလုပ်နိုင်အောင် A Catalogue of Errors အမှားများဆက်တိုက်ဖြစ် ပေါ်ခဲ့သည်။ လက်ရှိအစိုးရကို စင်ကာပူဝန် ကြီးချုပ်က Defending the undefendable မကာကွယ်နိုင်တာကို ကာကွယ်နေသည်ဟု သတိပေးအပြစ်တင်ခဲ့သည်။

တစ်ဖက်တွင်လည်း အိန္ဒိယသမုဒ္ဒရာကမ်းခြေတစ်ဝိုက်ကို Islamic Belt အဖြစ်ထူထောင်လိုသော အစ္စလာမ္မစ်ငေ ကာင်စီအဖွဲ့၊ အစွန်းရောက်ဘာသာရေးအဖွဲ့များက မတည်ငြိမ်သော စစ်မက်များဖြစ်ပွားနေ သော ရခိုင်ပြည်နယ်ကို ဘင်္ဂါလီများဖြင့် ဖုံးလွှမ်းလိုသည်။ Middle East နိုင်ငံများမှ ဒေါ်လာများနှင့် ARSA ကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်များက ရခိုင်ပြည်နယ်ကို အကြမ်းဖက်ခိုအောင်းရာနေရာအဖြစ် သုံးလိုကြ သည် မှာထင်ရှားသည်။ မူဂျာဟေဒင်၊ တာလီဘန်၊ ဂျီဟတ်များက အခွင့်အရေးကိုချောင်းနေကြသူများ ဖြစ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တိုက်ခိုက်ရေးCombat၊ ချေမှုန်းရေး Assault တို့ထက်ဥပဒေစိုးမိုးရေးကို အဓိကဦးစားပေးကြသဖြင့် ယခုကဲ့သို့ အလုံးအရင်းဖြင့်ဝင်ရောက်တိုက်ခိုက်မှုကိုခံနိုင်ရည်မရှိပါ။ ရဲကိုစစ်တပ်အသွင် ပြောင်းမလား၊ (Militarize the police or policize the military)စစ်တပ်ကို ရဲအသွင်ပြောင်းမလား တို့သည် လည်း အဓိကစဉ်းစားရမည့် ကိစ္စများဖြစ်ပါသည်။ Combat တိုက်ခိုက်ရေးစစ်သားတစ်ဦးကို ရဲအသွင်ပြောင်းရန် ခက်သလို၊ ရဲကိုတိုက်ခိုက်တတ်ရန် အချိန်နှင့်လေ့ကျင့်မှု အလွန်လိုအပ်ပါသည်။ UNကဲ့သို့ အဖွဲ့များက လည်း Appropriate Force (Versatile Force)ကိုသုံးစေချင်ပြီး နိုင်ငံတကာဥပဒေအဖြစ်ပြဋ္ဌာန်းထားသော်လည်း တကယ့်စစ်မြေပြင်တွင် ကျင့်သုံးရန်ခက်ပါသည်။ ဒီမိုကရေစီနိုင်ငံကြီးများ၏ စစ်တပ်များပင်စစ်မြေ ပြင်တွင် လက်လွန်တတ်ကြပါသည်။ ICCက မြန်မာ့တပ်မတော်အရာရှိကြီးများကို စွဲချက်တင်ထားခြင်းကို AA, ARSA တို့က အခွင့်အရေးယူကြပါသည်။

အယ်လ်ဂျာဇီးယားသတင်းတွင် AA ကို Arakan Buddhist Insurgents ဟုသုံးထားပါသည်။ Guardian သတင်းစာကြီးကမူ Arakan Rebel ရခိုင်သူပုန်များဟု သုံးစွဲထားပါသည်။ Media War သတင်းစစ်ပွဲတွင် မြန်မာနိုင်ငံကခံဘက်ကသာဖြစ်နေပါသဖြင့် ဝန်ကြီးများ၊ ညွှန်ချုပ်များမိမိတို့၏ရာထူး၊ ဒေါက်တာဘွဲ့များကို အားနာလျှင်လူထုရှေ့၊ TV ရှေ့၊ နိုင်ငံတကာနှင့်ယှဉ်၍ ပြောနိုင်ကြောင်းပြကြပါ။ ဝါးလုံးခေါင်းထဲလသာဆိုသလို မြန်မာလူမျိုးများရှေ့တွင်သာ စွာကျယ်လျက် လူစွာမလုပ်သင့်တော့ပါ။

၂၀၁၅အထွေထွေရွေးကောက်ပွဲတွင် တစ်ခဲနက်ရွေးကောက်ခံရပြီး တက်လာသော NLD အစိုးရသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးတို့တွင် ဘေးကြပ်နံကြပ်ဖြစ်နေပါသည်။ ကျန်းမာရေး၊ ပညာရေးကဲ့သို့သောနေရာများတွင် ထိရောက်သောလူထုဝန်ဆောင်မှု မပြုနိုင်ပါ။ တောရွာနေလူငယ်တစ်ဦးအတွက်ထိုက်သင့်သောပညာရေးအဆင့်အတန်းကိုကျေးရွာများ တွင်မရနိုင်သဖြင့် လူငယ်အလုပ်လက်မဲ့များလာခြင်းသည် ပြည်နယ်ဒေသ များတွင်(အခြားလည်း ရွေးစရာမရှိသဖြင့်) လက်နက်ကိုင်သောင်းကျန်းသူတို့၏ ခြိမ်းခြောက် ဖြားယောင်းမှုဖြင့် တိုင်းရင်းသားလက်နက်ကိုင်တပ်သားအလိုလိုဖြစ်သွားရရှာပါသည်။အခြေခံပညာမပြည့်စုံနိမ့်ကျသဖြင့် မိမိကိုယ်ပိုင် စဉ်းစား ဉာဏ်မရှိတော့ဘဲ မှားသည်မှန်သည်မဝေခွဲနိုင်ဘဲ တိုင်းရင်းသားလက်နက်ကိုင်များဖြစ်သွားခဲ့ကြပါသည်။ အလွန်နှမြောဝမ်းနည်းဖွယ်ဖြစ်ပါသည်။ ကျန်းမာရေးနှင့် ပညာရေးကို တောနှင့်မြို့ကွာခြားချက်နည်းအောင် လုပ်နိုင်ဖို့ဝေးစွ ဝန် ကြီးများအဆင့်ကပင် ပြည်မရှိဆရာ၊ ကျောင်းသားအချိုးနှင့် ပြည်နယ်များရှိ အလားတူအ ချိုးတို့ကို နှိုင်းယှဉ်ပြသော Data မရှိ၊ လွှတ်တော်တွင် လက်တန်း၊ ရမ်းပြောနေရခြင်းသည် တိုင်းရင်းသားလက်နက်ကိုင် တပ်များကို စစ်သားစုဆောင်းပေးနေသလိုဖြစ်ပါသည်။ ဘွဲ့ကလေးတစ်ခု ခုရလာပြန်လျှင်လည်း သေချာမတတ်ခြင်း၊ အလုပ်အကိုင်ရလမ်း အလွန်နည်းပါးခြင်းတို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်နှင့် ပေါင်းမလား၊ အိမ်နီးချင်းနိုင်ငံတွင် အလုပ်လုပ် မလား စဉ်းစားတတ်ကြပါသည်။

AAတို့သည် လောလောဆယ်တွင်အင်အားနည်းသေးသော်လည်း နိုင်ငံရေးမတည်ငြိမ်သော၊အလုပ်အကိုင်ရှားပါးသောပြည်နယ်များမှတပ်သားသစ်များကို ပြည်ပမှအဖွဲ့အစည်းတို့က ငွေအားဖြင့် အချိန် မရွေးအားပေးခဲ့ပါလျှင် မြို့ပြအကြမ်းဖက်သူ Urban Terrorist များ အချိန် မရွေးဖြစ်လာနိုင်ပြီး မြို့ကြီးများတွင် ဗုံးခွဲခြင်း၊ အကြမ်းဖက်ဓားစာခံအနိုင်ကျင့်ခြင်းတို့ကိုလုပ်လာပါလိမ့်မည်။ လက်ရှိအစိုးရက ကြိုတင်ပြင်ဆင်ထားပုံမရပါ။

အိမ်နီးချင်းနိုင်ငံတစ်ခုကမြန်မာနိုင်ငံအစိုးရနှင့်အဆင်မပြေလျှင် နယ်စပ်ရှိလက်နက်များကို ငွေ၊ လက်နက် စသည်ဖြင့် ကူညီလျက် ပြည်တွင်းစစ်မီးကို သက်ဆိုးရှည်စေနိုင်ပါသည်။

ထို့ကြောင့်AA သာမက အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ချုပ်ငြိမ်းရန် (၁)ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်လက်ရှိအစိုးရက ကတိပေးလျက် လက်နက်ကိုင်တပ်များက လက်နက်စွန့်လျက် ရွေးကောက်ပွဲဝင်ခွင့်ပြုသင့်ပါသည်။ (၂)ပြည်နယ်နှင့်တိုင်းဝန်ကြီးချုပ်များကို ပြည်နယ်လူထုကတိုက်ရိုက်ရွေး ကောက်ခွင့်ပြုရမည်။ (၃)နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်နိုင်ငံအဖြစ် အုပ်ချုပ်လျှင် သမ္မတကိုလူထုက တိုက်ရိုက်ရွေးကောက်ခွင့်ပြုရပါမည်။ (၄) လောလောဆယ်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် NLD အစိုးရက ဦးဆောင်ဆွေးနွေးနေသော်လည်း မြန်မာ့တပ်မတော်ကိုဆွဲဆောင်စည်းရုံးနိုင်ခြင်းရှိပုံမရပါ။(၅)မြန်မာ့တပ်မတော်ကလည်း လက်နက်ကိုင်တိုင်းရင်းသားတို့ကို အလျှော့အတင်း Compro -mise လုပ်ခြင်းသိပ်မရှိဘဲ တပ်မ တော်အလိုကျ အဖြေများကို ကြိုတင်ဘောင်ခတ်ထားသဖြင့် ညှိနှိုင်းဆွေးနွေးမှုထက် အတင်းအကြပ် သဘောတူခိုင်း သကဲ့သို့ဖြစ်နေပါသည်။

စစ်တပ်ကလည်း မိမိတို့၏ In ordinate role နေရာတကာဝင်ပါချင်သည့် ဆန္ဒကိုလျှော့ပြီး ဒီမိုကရေစီနည်း လမ်းတကျ ရွေးကောက်ပွဲဝင်လိုလျှင်ယူနီဖောင်းချွတ်လျက်တရားဝင်ရွေးကောက်ပွဲဝင်ပါ။ လူထုကတရားဝင်ရွေးကောက်ထားသော အစိုးရကို တပ်မတော်က ဝန်ထမ်းများပီပီတာဝန်ယူ၊ တာဝန်ခံရပါမည်။

လောလောဆယ်တွင် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်များက လက်နက်စွန့်ချင်စိတ်မရှိသေးပါ။ ဖက်ဒရယ်ဒီမိုကရေစီအကြောင်း နားလည်လက်ခံကျင့်သုံးမည့်ပုံမတွေ့ရသေးပါ။

လက်ရှိအစိုးရကလည်း ဖက်ဒရယ်အစိုးရကျင့်သုံးမည်၊ တည်ဆောက်မည်ဆိုသော်လည်း သိပ်နားလည်ပုံမရှိ ကြဘဲ"အပြောသာ"ရှိနေပါသဖြင့် ပြည်တွင်းစစ်သည် မြန်မာနိုင်ငံတွင် မည်သည့်နေရာတွင်မဆို ဖြစ်နိုင်၊ ကြားနိုင်ပါသည်။ ပြည်ပအိမ်နီးချင်းများ ထင်ရှားစွာပါဝင်လာမှုမရှိသော်လည်း မသိမသာအားပေးခြင်းမျိုး ယခင်ကလည်း ရှိခဲ့၊ ယခုလည်း ရှိဆဲမို့ ပြည်တွင်းစစ်ငြိမ်းဖို့ တော်တော်စောင့်ရပါမည်။

ဒေါက်တာတိုးမြင့်

ကြည်ညိုစရာမရှိသော ဒေါက်တာတိုးမြင့်ကို
အကြည်ညိုပျက်အောင် ဆဲရေးဝေဖန်နိုင်ပါသည်။

toe1myint2@gmail.com

www.free4readers.com



# ရခိုင်မဟာမြတ်မုနိကုန်းပေါ်မှယူသွားသော မွန်၊ဗမာကမ္ပည်းစာရေးထိုးထားသည့် ခေါင်းလောင်းတစ်လုံးကို သုတေသနလုပ်ရှာဖွေ၍ ဖော်ထုတ်လိုက်ခြင်း

**အေးသိန်း(သမိုင်းသုတေသီ)**

စာရေးသူသည် ၁၉၈၅ခုနှစ်ဘုံဘေ(မွန်ဘိုင်း)မြို့သို့ ပထမဆုံးအကြိမ်ခြေချမိစဉ်က (Prince of Wale)အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်သို့သွားရောက်၍ ကွင်းဆင်းလေ့လာခဲ့ပါသည်။

ထိုစဉ်က အိန္ဒိယနိုင်ငံထုတ်သမိုင်းစာအုပ်တစ်အုပ်တွင် အမှတ်မထင်မမျှော်လင့်ဘဲ"ရခိုင်မှယူလာသောခေါင်းလောင်း"ဟုခေါင်းစဉ်တပ်၍ ဆောင်းပါးတစ်ပုဒ်ကိုဖတ်လိုက်ရပါသည်။ ထိုစဉ်ကစ၍စာရေးသူသည် ခံစားချက်တစ်ခုကို အသည်းထဲနစ်နေအောင်ခံစားခဲ့ရပါသည်။ "ယင်းခေါင်းလောင်းကိစ္စ"ကို မရရအောင်ရှာဖွေဖော်ထုတ်မည်ဟု ဆုံးဖြတ်ချက်ချခဲ့ပါသည်။

ရန်ကုန်မြို့ပြန်ရောက်၍ အမျိုးသားစာကြည့်တိုက်နှင့်ရှေးဟောင်းသမိုင်းဌာနစာကြည့်တိုက်တွင်မွှေနှောက်ရှာဖွေ၍လေ့လာခဲ့ရာ သမိုင်းပညာရှင်အာသာဖေယာရေးသားထားသော သမိုင်းဆောင်းပါးတချို့တွင်ယင်းခေါင်းလောင်းအကြောင်းကိုမမျှော်လင့်ဘဲလာတွေ့ရပါသည်။

သို့သော်ယင်းခေါင်းလောင်းအကြောင်းအရာနှင့်ပတ်သက်၍ မြန်မာ့သမိုင်းစာမျက်နှာတွင် လုံးဝပျောက်ကွယ်လျက်ရှိနေပါသည်။ တာဝန်ရှိပုဂ္ဂိုလ်များအပါအဝင်မည်သူတစ်ဦးတစ်ယောက်ကမှ ဖော်ထုတ်ရေးသားချက်ကိုမတွေ့ရပါ။ မြန်မာ့သမိုင်းလောကတွင် လုံးဝပျောက် ကွယ်လျက်ရှိနေ၍ နှောင်းခေတ်လူငယ်များလုံးဝမသိကြတော့ပါ။

"နောက်ကြောင်းပြန်သမိုင်းကြောင်းပြန်ထောက်လျှင်"စစ်ပွဲတွင်အနိုင်ရလာသောဘုရင်သည် စစ်ရှုံးသောနိုင်ငံ၏ ပိုင်ဆိုင်မှုနယ်နိမိတ်ကို ကိုယ့်နိုင်ငံကိုယ့်နယ်နိမိတ်အတွင်း အတင်းအဓမ္မသိမ်းသွင်းခဲ့ကြသည်။ ထိုမျှနှင့်ပင် မလုံလောက်သေး၍ စစ်ရှုံးနိုင်ငံ၏ ပြည်သူအများစုမှာ သုံ့ပန်းအဖြစ်စတေးခံခဲ့ကြရပါသည်။

လူမျိုးတစ်မျိုး၏ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအားလုံးကိုမြေလှန်ဖျက်ဆီးပစ်ခဲ့ကြသည်မှာ ကြေကွဲဝမ်းနည်းစရာအလွန်ပင်ကောင်းပါသည်။ ယင်းဖြစ်ရပ်များသည် သမိုင်းတွင်ဖျောက်ဖျက်မရသောအမည်းစက်များ . . . ။ စစ်ရှုံးသူများ၏ အသည်းနှလုံးထဲနစ်နေ



East and India Co က ရခိုင်ကိုသိမ်းပိုက်ခဲ့စဉ် ရှေ့တန်းတွင်ပါဝင်တိုက်ခိုက်ခဲ့သော MAJOR BHIM SINGH ၏ ရုပ်တု (ဤရုပ်တုကိုသူသည် ခေါင်းလောင်းထားရှိရာ ဟာနုမန်ဘုရားကျောင်းတွင် ထားခဲ့ရာ ဟိန္ဒူများက ရိုက်ခွဲထား၍ရှေ့မျက်နှာ တစ်ခြမ်းပဲကျန်ပါတော့သည်။

အောင်နှစ်ပေါင်းများစွာခံစားခဲ့ရပြီးသေသည်အထိဖျောက်မရသောအမာရွတ်တစ်ခုအဖြစ်သားစဉ်မြေးဆက်တအုံ့နွေးနွေးလက်ဆင့်ကမ်း၍ကျန်နေတတ်သည်။

ယိုးဒယား(ထိုင်း)က ကမ္ဘောဒီးယားကို ဝင်ရောက်သိမ်းပိုက်ခဲ့စဉ်က ကမ္ဘောဒီးယား၏ ယဉ်ကျေးမှုအမွေအနှစ်များအားလုံးကို အယုဒ္ဓယမြို့တော်ထဲအရောက် တရွတ်တိုက်ဆွဲသယ်ယူလာခဲ့ကြသည်။

အလားတူ ဟံသာဝတီ ပဲခူးဘုရင်က ယိုးဒယားကိုသိမ်းပိုက်ခဲ့စဉ် ယိုးဒယားနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များအားလုံးကို ပဲခူးနန်းတော် ထဲရောက်ရပြန်သည်။

ထိုနည်းလည်းကောင်းပင် ရခိုင်ဘုရင်ကလည်း ဟံသာဝတီပဲခူးကို စစ်လာတိုက်၍ အောင်ပွဲခံမြေလှန်ခဲ့စဉ် ကမ္ဘောဇသာဒီနန်းတော်မှ ရှေးဟောင်းအမွေအနှစ်များအားလုံးကိုတောင်ငူဘုရင်နှင့်မြောက်ဦး ဘုရင်တို့ကတစ်ဝက်စီဝေစုခွဲဝေယူခဲ့ကြပါသည်။

အမရပူရနန်းစံဘိုးတော်ဘုရားကလည်းအားကျမခံ ရခိုင်ဘုရင်



ရှေ့ပိုစာချုပ်အရ ရခိုင်ကို East and India Co က သိမ်းပိုက်ခဲ့စဉ်က စစ်ပွဲတွင်ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခဲ့သော MAJOR BHIM SINGH ကို မဟာမြတ်မုနိကုန်းပေါ်တွင် ချိတ်ဆွဲထားသော ဤရခိုင်ခေါင်းလောင်းကို ဂုဏ်ထူးဆောင်အဖြစ် ပေးအပ်ခဲ့သည်။

မဟာသမ္မတမင်းနန်းစံမြောက်ဦးမြို့ကို ခရစ်တော်(၁၇၈၄)ခုနှစ်တွင် ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ အထက်တွင်ဖော်ပြခဲ့သလို မြောက်ဦးနန်းတော်ရှိ အဖိုးတန်ပစ္စည်းများအားလုံးအပါအဝင် မြောက်ဦးဝန်းကျင်ဒေသများမှ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ၊ ကြေးဘုရားအပါအဝင် ပိဋကတ်တိုက်(၃၁)တိုက်မှ ပေစာပုရပိုက်များအားလုံးကို အမရပူရနန်းတော်ထဲရောက်ရပြန်သည်။ အားလုံးကိုခြုံငုံသုံးသပ်လျှင် ခေတ်တစ်ခေတ်၏ ပုံစံတူလုပ်ဆောင်ချက်များဟု ကောက်ချက်ဆွဲယူ၍ရသည်။

ထို့ကြောင့် ရခိုင်ဘုရင်က ပဲခူးနန်းတော်မှသယ်ယူလာခဲ့သော ကြေးရုပ်(၃၀)ကျော်သည် အမရပူရမြို့သို့ မဟာမြတ်မုနိဘုရားနှင့်အတူရောက်ရှိလာခဲ့သည်။ ယင်းကြေးရုပ်များသည် ကမ္ဘောဇသာဒီနန်းတော်မှ ကြေးရုပ်များဖြစ်သည်။ ယိုးဒယားမှပဲခူး၊ ပဲခူးမှမြောက်ဦး၊ မြောက်ဦးမှအမရပူရမြို့အထိ စစ်နိုင်ဘုရင်များ၏ အောင်ပွဲခံအမှတ်တရ ဂုဏ်ထူးဆောင်ပစ္စည်းများဖြစ်ခဲ့ရသည်။

မြင်တတ်၊သိတတ်၊ခံစားတတ်လျှင် သတိသံဝေဂရစရာလည်းကောင်းသည်။ ဝမ်းနည်းတတ်လျှင်ဝမ်းနည်းစရာကောင်းသလို မျိုးချစ်စိတ်ဓာတ်ဝင်ပူးလျှင် ကြက်သီးမွေးညင်းထ၍အလှည့်ကျတစ်ယောက်မျက်နှာတစ်ယောက်လက်ညှိုးထိုး၍ "တက်ခေါက်"မိကြမည်မှာ အမှန်ပင်ဖြစ်သည်။ အလားတူနယ်ချဲ့အင်္ဂလိပ်သည်လည်း ရန္တပိုစာချုပ်အရ ခရစ်နှစ် ၁၈၂၆ခုနှစ်တွင် ရခိုင်နယ်မြေကိုသိမ်းပိုက်ပြန်သည်။

ရခိုင်နန်းတော်မှ ဘိုးတော်ဘုရားသိမ်းယူ၍အကြွင်းအကျန်ကျန်နေသေးသော ရှေးဟောင်းပစ္စည်းအတိုအထွာများကို အင်္ဂလိပ်စစ်တပ်ကတစ်ခါ၊ စစ်နိုင်အောင်ပွဲခံပစ္စည်းများအဖြစ် အင်္ဂလန်နှင့်အိန္ဒိယနိုင်ငံသို့ ယူဆောင်ကြပြန်သည်။ အင်္ဂလိပ်စစ်တပ်မှယူဆောင်သွားကြသောရှေးဟောင်းပစ္စည်းများအနက် မြောက်ဦးမြို့ မဟာမြတ်မုနိကုန်းတွင် ချိတ်ဆွဲထားသော ခေါင်းလောင်းကို ရခိုင်နယ်မြေကို တိုက်ခိုက်သိမ်းယူစဉ် ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ခဲ့သော ဗိုလ်မှူး (Major Bhim Singh)ကိုဆုတံဆိပ်အဖြစ် မဟာမြတ်မုနိကုန်းတွင် ချိတ်ဆွဲထားသောခေါင်းလောင်းတစ်လုံးကို East and India Coရှိတာဝန်ရှိသူများက သူရဲကောင်းဘွဲ့ဆုတံဆိပ်အဖြစ်ပေးအပ်ခဲ့သည်။

ယင်းခေါင်းလောင်းကို Major Bhim Singh ကသူ၏ဇာတိနေရပ်ဖြစ်သော အိန္ဒိယနိုင်ငံ Nadraiမြို့သို့ ယူဆောင်လာခဲ့သည်။ သို့သော်သူသည် အစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်နေ၍ အစ္စလာမ်များဝတ်ပြုရာဗလီတွင် ခေါင်းလောင်းချိတ်သောအစဉ်အလာမရှိ၍ ဟိန္ဒူများကိုးကွယ်သော"ဟာနုမန်"ဘုရားကျောင်းရှေ့တွင် ချိတ်ဆွဲထားခဲ့သည်။

ခေါင်းလောင်းယူဆောင်လာသူက အမှတ်တရအဖြစ်သူ၏ ရုပ်တုကိုကျောင်းဝင်းအတွင်းစကျင်ကျောက်နှင့်ကိုယ်တစ်ပိုင်းရုပ်တုကိုထားရှိခဲ့သည်။ စာရေးသူသည် Nadraiမြို့သို့ခေါင်းလောင်းရှိရာသို့ လေယာဉ်တစ်တန်၊ ကားတစ်တန်စီး၍ အခက်အခဲမျိုးစုံကြားက သွားရောက်ရှာဖွေခဲ့ပါသည်။ ခေါင်းလောင်းရှိရာ ဟာနုမန်ဘုရားရပ်ကွက်သည် ဟိန္ဒူနှင့်မူစလင်များစုပေါင်းနေထိုင်ရာ ရပ်ကွက်အတွင်းဖြစ်နေ၍ ပဋိပက္ခများမကြာခဏဖြစ်တတ်သည်ဟုသိရပါသည်။ ခေါင်းလောင်းယူဆောင်လာသူ Major Bhim Singh မှာ မူစလင်တစ်ယောက်ဖြစ်နေ၍ ကျောင်းဝင်းအတွင်းသူ၏ရုပ်တုကို ဟိန္ဒူများကရိုက်ခွဲထား၍ စာရေးသူသွားရောက်ချိန်တွင် ရှေ့မျက်နှာတစ်ခြမ်းပဲကျန်ပါတော့သည်။ (ဓာတ်ပုံကိုကြည့်ပါ)။ ဟစ်တိုင်ခေါင်းလောင်းကို"အောင်ပွဲခံရခိုင်ခေါင်းလောင်းကြီး" အဖြစ် မြင်းတပ်မှအိန္ဒိယနိုင်ငံသား ဂေါ်ရခါးစစ်ဗိုလ်မှူး Major Bhim Singh ကုလားစစ်ဗိုလ်က ဂုဏ်ထူးဆောင်ခေါင်းလောင်းအဖြစ် မြောက်ဦးမြို့မှယူဆောင်သွားခဲ့သောခေါင်းလောင်းသည် တကယ်တော့ ရခိုင်ဘုရင်တစ်ပါးပါးကသွန်းလုပ်ခဲ့သော ရခိုင်ခေါင်းလောင်းမဟုတ်ဘဲ ပဲခူးကိုရခိုင်များသိမ်းပိုက်စဉ်က အောင်ပွဲခံအမှတ်တရအဖြစ်ယူဆောင်လာခဲ့သော မွန်နှင့်ဗမာကမ္ပည်းစာ စာတမ်းထိုး ကမ္ဘောဇသာဒီနန်းတော်မှ ခေါင်းလောင်းတစ်လုံးသာဖြစ်သည်။

ယင်းခေါင်းလောင်းအကြောင်းကို ပထမဆုံးအင်္ဂလိပ်စစ်ဗိုလ် သမိုင်းသုတေသီဖြစ်သော ကပ္ပတိန်"ဝရုတန်"က ခရစ်နှစ် ၁၈၃၇ခုနှစ်က ထုတ်ဝေခဲ့သော အာရှအသင်းကြီး၏ ပြေလထုတ်အတွဲ(၇)ဂျာနယ်တွင် ရေးသားဖော်ပြပါရှိခဲ့သည်။

ထို့နောက်သမိုင်းပညာရှင် အာသာဖယ်ရာက ခရစ်နှစ်၁၈၈၃ခုနှစ်ထုတ် မြန်မာမင်းများ၏ "တရားခေါင်းလောင်းတောင်"အမည်တပ်၍ သုတေသနဆောင်းပါးအဖြစ်ရေးသားဖော်ပြခဲ့သည်။

ကိုလိုနီခေတ် ၁၉၁၀ခုနှစ်ကာလ အလယ်တန်းကျောင်းသုံး မြန်မာရာဇဝင်စာအုပ်တွင် အင်္ဂလိပ်လူမျိုးပညာဝန် မစ္စတာအက်(စ်)ဒဗလျူကောက်(စ်)ရေးသားသော စာအုပ်၏စာမျက်နှာ(၉၄-၉၅)တွင်လည်းကောင်း၊ ၁၉၂၅ခုနှစ်ကပုံနှိပ်ထားသော သမိုင်းဆရာဂျီအီးဟားဗေ၏ မြန်မာသမိုင်းစာအုပ် စာမျက်နှာ(၁၄၅)၊ (၁၈၉)နှင့် (၁၉၁)တွင်လည်းကောင်း မဟာဓမ္မရာဇာမင်းအကြောင်းကိုဖော်ပြစဉ်က ဖော်ပြပါခေါင်းလောင်းအကြောင်း ရေးသားထားသည်ကိုတွေ့ရှိရသည်။

အလားတူ ၁၉၂၉ခုနှစ်တွင် မြန်မာနိုင်ငံသုတေသနအသင်း ဂျာနယ်အတွဲ(၁၈)တွင် အလေးချိန်(၈၂၄၅)ကျပ်သားခေါင်းလောင်း၏



ခေါင်းလောင်းတွင် ရေးထိုးထားသော ဗမာနှင့် မွန်ကမ္ပည်းစာကို (စာအုပ်ထုတ်ဝေသည့်အခါ ပြည့်စုံစွာ ဖော်ပြပါမည်။

အလေးချိန်ကိုဖော်ပြရာတွင် မွန်အက္ခရာဖြင့်ရေးထိုးထားသော ကမ္ပည်းစာတွင် (၈၂၅၄)ကျပ်သားဟုရေးသားထားပြီး မြန်မာကမ္ပည်းစာတွင် (၈၂၅၄)ပိဿာဟု ရေးသားဖော်ပြပါရှိသည်။ အလေးချိန်(၈၂၅၄)ကျပ်သားရှိသော အနောက်ဖက်လွန်မင်း(မဟာဓမ္မရာဇာ)သွန်းလုပ်လှူဒါန်းခဲ့သော ခေါင်းလောင်းအကြောင်းကို "ကိုစီအိုဘလက်"နှင့် ဦးဖေမောင်တင်တို့ပူးတွဲ၍ ယင်းခေါင်းလောင်းအကြောင်းပါ မွန်-မြန်မာကမ္ပည်းစာအကြောင်းကို ကူးယူဖော်ပြခဲ့ကြသည်။

စာရေးသူသည် ရခိုင်ပြည်မဟာမြတ်မုနိကုန်းတော်မှ ယူသွားသော ခေါင်းလောင်းရှိရာသို့သွားရောက်ရန် အစီအစဉ်တစ်ရပ်ရေးဆွဲခဲ့ရာ သားကြီးဒေါက်တာရဲကျော်သူ ဝါဆီးဒါးတက္ကသိုလ်ဂျပန်က ကျွန်တော် လိုက်ပို့ပေးမည် ပါပါအသက်(၈၀)ထဲရောက်နေပြီ ပါပါကိုစိတ်မချဘူး ယင်းနေရာသည် လုံခြုံမှုမရှိသည့်အပြင် ဆောင်းတွင်းကာလရေခဲလုမတတ်အေးလွန်း၍ သူကိုယ်တိုင်ဂျပန်မှလာခဲ့ပြီး အစစအရာရာလိုလေသေးမရှိ လိုက်ပို့ပေးခဲ့ပါသည်။ နယူးဒေလီရှိ ဟိုတယ်တွင်တစ်ပတ်ခန့် လှုပ်ရှားခဲ့ရပါသည်။

ယခုဖော်ပြပါအကြောင်းအရာကို အကျဉ်းချုပ်သာဖော်ပြထားပါသည်။ သီးသန့်စာအုပ်အနေနှင့်ထုတ်ဝေသည့်အခါ ယခုထက်ပြည့်စုံစွာ ဖော်ပြပါမည်။ခေါင်းလောင်းကမ္ပည်းစာကိုလည်းအစအဆုံးဖော်ပြပါ မည်။

စာရေးသူဘဝတွင် နိုင်ငံနှင့်လူမျိုးအတွက် အုပ်တစ်ချပ်သဲတစ် ပွင့်အဖြစ်ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည့်အတွက်မိမိဘဝတွင်သေပျော် ပါပြီသာဆိုရပါမည်။

အေးသိန်း(သမိုင်းသုတေသီ)
(Freelance Journalist)

www.free4readers.com



ပြတင်းတံခါးအဖွင့် ဇာခန်းဆီးအလှင့်(၉၁)

# ဒီခေတ်နှင့်အတွေးကာရန်များ

ကိုနိုင်း

ဒီခေတ်ကြီးအကြောင်းပြောမယ်ဆိုရင် ဝရုန်းသုန်းကားနိုင်လွန်းလှတဲ့ခေတ်ကြီးလို့ ပြောရပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံမှာ ခေတ်အပြောင်းအလဲကို ပြည်သူတွေနှစ်ပေါင်းများစွာမျှော်လင့်ခဲ့ကြရပါတယ်။ နှစ်ပေါင်းများစွာကြာပြီးတဲ့ အချိန်ကာလတစ်ခုမှာ ပြည်သူတွေမျှော်လင့်ခဲ့တဲ့ခေတ်ကာလအပြောင်းအလဲကို ဖြစ်ပေါ်စေခဲ့ပါတယ်။ အဲဒီအပြင်ပြည်သူတွေမျှော်လင့်ခဲ့ကြတဲ့ ခေါင်းဆောင်နဲ့အတူယှဉ်တွဲပြီး ခေတ်ပြောင်းလဲမှုကို ရရှိခဲ့တယ်လို့ ဆိုရင်မမှားပါဘူး။ ဒါကလဲ ပြည်သူတွေဖြစ်စေချင်ခဲ့ကြတာပါ။ သူတို့မျှော်လင့်ခဲ့ကြတဲ့ခေါင်းဆောင်က သူတို့မျှော်လင့်ခဲ့တဲ့အတိုင်း၊ သူတို့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်သလား။ အချိန်ကာလတစ်ခုကိုပေးပြီး စောင့်မျှော်နေခဲ့ကြပါတယ်။ အခုအချိန်မှာတော့ သူတို့မျှော်လင့်ခဲ့တဲ့ခေတ်အပြောင်းအလဲဟာ ထူးထူးခြားခြားပြောင်းလဲမလာတဲ့အပြင် သူတို့လိုအပ်ချက်ကိုမဖြည့်ဆည်းပေးနိုင်တဲ့ခေါင်းဆောင်ရဲ့ စွမ်းဆောင်နိုင်မှုကို သံသယတွေဝင်လာကြပါပြီ။ ခေါင်းဆောင်နဲ့သူ့အနားကဝန်းရံနေတဲ့လူတွေကလည်း ခေတ်ကြီးကိုဝရုန်းသုန်းကားအဖြစ်ဖန်တီးနေကြသလိုပါပဲ။ "ဒီမိုး. . . ဒီလေ. . . ဒီလူတွေ"နဲ့တော့ ဒီခရီးကိုဗရမ်းဗတာဆက်လျှောက်နေရပါတယ်။ ပြည်သူတွေရှေ့ကဦးဆောင် လျှောက်နေတဲ့သူတွေကိုယ်တိုင်က **"အမှားတွေကိုပိပိရိရိကျူးလွန်ရင်းခေတ်ကြီးကအလွဲလွဲ အချော်ချော်ကြီးပြင်းလာ"**ဆိုတဲ့ ကဗျာဆရာ"**မင်းချစ်သူ**"ရေးခဲ့တဲ့ ၁၉၉၇ ခုနှစ်မှာ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းက **"ထမ်းထားချင်ခဲ့တဲ့ကမ္ဘာ"** ကဗျာကိုသတိရလိုက်မိပါတယ်။

*လွဲချော်မှုတွေဟာ*
*အဲဒီကစခဲ့တာပါပဲ*
*ခပ်ငယ်ငယ်ကတည်းက*
*ကမ္ဘာကြီးကိုထမ်းချင်ခဲ့တာလေ၊*
*ဒါနဲ့*
*သမုဒ္ဒရာတွေကိုဖြတ်ဖို့*
*တိုက်ကြီးတွေကို ပတ်ဖို့*
*ဖတ်ရှုလေ့လာ*
*မာကိုပိုလိုကို သိခဲ့*
*ကိုလံဘတ်(စ်)ကို သိခဲ့*
*ရှိုဒင်ကို သိခဲ့*
*ဗန်ဂိုးကို သိခဲ့*
*ဒါပေမဲ့*
*မိဘမေတ္တာ ဆိုတာ*
*ဘတ်စ်ကားနာမည် မှတ်လိုမှတ်*
*ပိဋကတ်လည်း အာဂုံမဆောင်နိုင်*
*ကိုယ်ဘာကောင်ဆိုတာလဲ*
*ကိုယ့်ဟာကိုယ်မသိ*
*အမှားတွေကို ပိပိရိရိကျူးလွန်ရင်း*
*အလွဲလွဲအချော်ချော် ကြီးပြင်းလာ*
*ခုချိန်မှာတော့*
*လူဟာလည်း ထောင်းလမောင်းကြေ*
*စိတ်တွေလည်း ခြေကုန်လက်ပန်းကျ။*
*အင်း. . ဘဝဆိုတာ တိုက်ပွဲပါပဲ*
*ဒါပေမဲ့ လူဆိုတာကလည်း*
*ဒဏ်ရာရနေတဲ့ ရဲဘော်လေ၊*
*ကမ္ဘာကြီးရေ*
*ခင်ဗျားကို ထမ်းဖို့ နေနေသာသာ*
*ကျုပ်ကိုယ် ကျုပ်တောင် အနိုင်နိုင်ဗျာ. . .။*

၉၇ ခုနှစ်ကရေးခဲ့. . . ဒီကဗျာကအခုခေတ်ကြီးကို မြင်လိုက်မိစေတယ်။ ဥပမာခပ်ရိုင်းရိုင်းပြောရရင် "ကိုယ့်ဖင်တောင်ကိုယ်မနိုင်ပဲနဲ့ပဲဟင်းသောက်ချင်"သလိုဖြစ်နေကြတယ်။ ကြယ်ငါးပွင့်ဟိုတယ်ကြီးမှာ အရသာအရှိဆုံးအစားအသောက်တွေကို တက်စားမယ်လို့စိတ်ကူးယဉ်ရင်း. . . ကိုယ့်မီးဖိုချောင်ထဲမှချက်စရာဆန်မရှိတာကို မေ့ထားလိုက်ကြတယ်။ ဒီလိုပုံနဲ့ရှေ့ဆက်သွားနေမယ်ဆိုရင် မိုးကြီးချုပ်သွားမှာမြင်ယောင်မိသေးတယ်။ ကာတွန်းဆရာတွေအတွက်ကတော့ သရော်စရာရေးကွက်တွေ မကုန်နိုင်အောင်ပါပဲ။ ဝေဖန်ရေးဆရာတွေလည်း ကုန်ကြမ်းတောင်လိုပုံနေကြပါတယ်။ ဝရုန်းသုန်းကားဖြစ်နေတဲ့ခေတ်ကြီးကို။ ဒီလိုဖြစ်နေတာ ဘယ်သူ့တရားခံလဲ စဉ်းစားနေမိကြပါပြီ။ "သူရိယနေဝန်းဂျာနယ်"ကမျက်နှာဖုံးခေါင်းစဉ်တစ်ခုကိုသွားသတိရလိုက်မိတယ်။ "သတ္တိအရှိဆုံးပြည်သူများနှင့် အညံ့ဆုံးခေါင်းဆောင်များရှိသောနိုင်ငံကိုမြန်မာပြည်ဟုခေါ်သည်"တဲ့။ ခြတောင်ပို့ကိုဘုရားအမှတ်နဲ့ ဖင်ဘူးတောင်းထောင် အောင်ကန်တော့နေတဲ့ခေါင်းဆောင်လုပ်ချင်သူတွေနေတဲ့တိုင်းပြည်မဟုတ်လား။ တိုင်းပြည်ကြီးကတော့ နေမြင့်လေအရှုးရင့်လေဖြစ်နေကြပြီ။ **"ဒီခေတ်"**ဆိုပြီး **"ပြုံးချို(တောင်တွင်း)"**ရေးတဲ့ကဗျာကို ဖတ်ကြည့်လိုက်သလိုပါပဲ။

*ဟိုးတုန်းကပါ*
*တီကောင်ပေါက်တွေခမျာ*
*ဆားကြမ်းပုံထဲထွန့်ထွန့်လူးခဲ့ရတယ်။*
*အမှန်ပါ*
*အမြဲတမ်းငိုအောင်လုပ်ခဲ့တဲ့ ဘီလူးကြီးရဲ့သမိုင်း*
*အပြိုင်းအရှိုင်းတောထခဲ့တယ်။*

ကဗျာအစမှာ ပြောထားတာက ဟိုးတုန်းကတဲ့။ အခုလည်း ဟိုးတုန်းကလိုပါပဲ။ ဆားကြမ်းပုံထဲထွန့်ထွန့်လူးနေကြရတာပါပဲ။ ဟိုးတုန်းက အမြဲငိုအောင်လုပ်ခဲ့တဲ့ ဘီလူးကြီးရဲ့သမိုင်းဆိုရင် အခုအမြဲငိုအောင်လုပ်နေသူရဲ့သမိုင်းတရားခံက ဘယ်သူဖြစ်မလဲ။

*တကယ်ပါ*
*သမုဒ္ဒရာခုနှစ်စင်းလုံး မျက်ဝန်းတွေမှာ စုံးစုံးမြုပ်ခဲ့ရတယ်*
*ခရုအဆံကျွတ်ဘဝတွေချည်း သောင်ပြင်မှာနေလှန်းခံရတယ်*
*အော်ကြောလန်အမာရွတ်တွေက 'ကမ္ဘာမကြေဘူး'လို့*
*တောက်ခေါက်ခဲ့ကြ*
*အံကြိတ်ခဲ့ကြ။*
*ခုတော့. . .*
*တစ်ခါတလေ ရယ်သွမ်းသွေးခွင့်ပြန်ရပါတယ်*
*ရံဖန်ရံခါ ဟားတိုက်ခွင့်လည်းကြုံပါတယ်*
*အမှတ်တမဲ့ သနားစဖွယ် ကြည့်မြင်ခွင့်ရှိပါတယ်*
*မကြာမကြာ တံတွေးခွက်မှာ ယက်ကန်ယက်ကန်မျောမိနေပုံ*
*တွေ့တွေ့နေရမှာပါ။*



ဟိုတုန်းက ခရုဆံကျွတ်ဘဝတွေ သောင်ပြင်မှာ နေလှန်းခဲ့သလိုပြည်သူတွေခံစားခဲ့ရပါတယ်။ အဲဒီခေတ်ကြီးကို မကျေနပ်ကြတဲ့အခါ အံကြိတ်ပြီး တောက်ခေါက်ခဲ့ရတာပါပဲ။ လူတွေမှာအကြောက်တရားတွေ ပြည့်နှက်နေ တယ်လေ။ အာဏာဆိုတာ ပြည်သူတွေအတွက်အကြောက်တရားကို မလွန်ဆန်နိုင်အောင်ဖိနှိပ်တဲ့လက်နက်အဖြစ်သုံးခဲ့ကြပါတယ်။ အခုအချိန်မှာတော့ အကြောက်တရားနေရာမှာ လှောင်စရာတွေအစားဝင်လာပါတယ်။ တခါတခါလည်းသနားစဖွယ်ရယ်မောပစ်ချင်စိတ်နဲ့စိတ်ပျက်မုန်းတီးစိတ်တွေက တစ်ပြိုင်နက်ထဲဖြစ်ပေါ်နေကြပါတယ်။

*သို့ပေမဲ့*
*အမြဲတမ်း မုန်းစိတ်မွှန်မိရင်*
*လိပ်ပြာမသန့်ဖြစ်ရတော့မယ်*
*မြေကြီးတွေသာ နိမ့်ဝင်သွားကြပါစေ*
*မှတ်မှတ်သားသားရှိအောင် သနားလိုက်ကြပါ*
*သေချာပါတယ်*
*နေမြင့်လေ အရူးရင့်လေဆိုတာမမှားပါဘူး*
*မြို့ကြီးသားယဉ်ကျေးမှု ပြုပြီးရင်းပြုကြရမှာ*
*ရေမြင့်လေ ကြာတင့်လေဆိုတာမှန်ပါတယ်*
*ကောင်းကင်နက်ထဲ ဝင်သွားသမျှကြယ်တွေကလည်း*
*ခွင့်လွှတ်အပြုံးနဲ့ လက်လက်ထနေကြဦးမှာ။*

အခုအချိန်မှာတော့ သနားစဖွယ်ရယ်သွမ်းသွေးနေကတဲ့လူတွေရော၊ စိတ်ပျက်ဖွယ်တောက်ခေါက်နေသူတွေရောဟာ. . . လိပ်ပြာသန့်ကြပါတယ်။ ကိုယ်ဖြစ်ချင်တာကအားလုံးလူတွေအတွက် မဖြစ်လာတော့အားမလိုအားမရစိတ်တွေဖြစ်လာကြပါတယ်။ ပြည်သူတွေကတော့အမြဲသတ္တိရှိရှိခေတ်ကို ရင်ဆိုင်နိုင်ပါတယ်။ ဦးဆောင်တဲ့လူတွေညံ့ဖျင်းလို့ ဝရုန်းသုန်းကားဖြစ်နေတဲ့ခေတ်ကြီးထဲမှာ နေသားကျနေပါပြီ။ ပိုမိုကောင်းမွန်တဲ့ခေတ်ကြီးဖြစ်လာ မလားလို့မျှော်လင့်ခဲ့ကြတာပါ။ ပြည်သူဆိုတဲ့လူတွေအတွက် ထူးမခြားနားတာတွေများနေရင်လည်း ထမင်းတစ်အိုးကိုရှိုးသားစွာတည်ပြီး နေထိုင်ရှင်သန်ကြသူတွေများပါတယ်။ တချို့တွေကတော့ ဇာတ်ကွက်ထဲထဲမှဝင်ကနေသူတွေလည်းရှိနေမှာပါ။ ကဗျာဆရာ"**စပ်ခွန်ချို**"ရဲ့"**ဇာတ်ကွက်**"ထဲမှာလိုပေါ့။

*ဆန့်မလား ကျုံ့မလား*
*လက်တစ်လုံးခြား ခေါင်းစဉ်အောက်*
*ရွာနေတဲ့ မိုးခါးခါး*
*ခွက်ကြီးခွက်ငယ် ထိုးခံနေလိုက်ကြပုံများ*
*အလုအယက်၊*
*တချို့က မသိသလို*
*ရိုးသားနေဆဲ*
*ဒီပဲတွေ ဒီပုတ်ထဲကမို့ မထူးဘူးတဲ့*
*ထူးမခြားနားတွေလည်းများပါရဲ့။*

ပြောမယ်ဆို အရင်ခေတ်ကပြုမူလာတဲ့ သူများမိုးခါးရည်သောက်ရင် ကိုယ်လဲလိုက်သောက်နိုင်မှဆိုတဲ့ အကျင့်ပျက်စရိုက်တွေ. . . ဒီခေတ်ကြီးထဲကို ကူးစက်လာခဲ့တာပါ။ ဒီလိုအကျင့်စရိုက်ဆိုးတွေမပျောက်ကွယ်နိုင်သေးရင် ခေတ်ကြီးကလည်း မပြောင်းလဲနိုင်ပါဘူး။ ဒီအကျင့်ပျက်စရိုက်ဆိုးတွေကို ပျောက်ကွယ်သွားအောင် လုပ်ကြဖို့အတွက်လည်း ဦးဆောင်လမ်းပြသူတွေမှာ တာဝန်အပြည့်ရှိပါတယ်။ ဒီတာဝန်ကိုဆောင်ရွက်နိုင်ဖို့ ပြည်သူတွေလက်သန်းမင်ပြာစွန်းခံခဲ့ရတာမဟုတ်လား။

*ဘာပြောပြော*
*တစ်ဘဝ တစ်ခန္ဓာ*
*တစ်ကမ္ဘာ တစ်ကောင်းကင်အတွက်*
*တည်မိတဲ့ ထမင်းအိုးလေး*
*ရိုးသားနေဆဲ၊*
*မသိကျိုးကျွံ*
*ထီးထီး အပင်တို့*
*လုံခြုံမှုမရှိလိုက်ပုံများ*
*မြင်သာ ထင်သာ ဘဝမှာ*
*စင်းစင်းကြီး မြေခလို့။*

အခုခေတ်မှာ တစ်ဘဝတစ်ခန္ဓာအတွက် တည်မိတဲ့ ထမင်းအိုးလေးရိုးသားတယ်ဆိုပေမယ့်၊ ကောင်းကင်ကြီးပြိုပိက်နေတဲ့တိုင်းပြည်ထဲက ပြည်သူတွေအတွက်လည်း မလုံခြုံတဲ့အခြေအနေတွေရောက်ကုန်ကြပါပြီ။ ဒီကိစ္စတွေကလည်း အကြောက်တရားတွေပြန်ရှိနေတာပါပဲ။ ရိုးသားတဲ့ လူတွေမှာ အကြောက်တရားတွေပိုများပါတယ်။ ပြောမယ်ဆိုရင်ခေတ်ကြီးရဲ့မလုံခြုံမှုကို မသိကျိုးကျွံပြုနေကြသူတွေအတွက်တောင်လုံခြုံပါသေးတယ်။ ခေတ်ကြီးက ဝရုန်းသုန်းကားဖြစ်နေတဲ့အချိန်မှာ ဘာမဆိုဖြစ်လာတတ်တာကို သိဖို့အရေးကြီးပါတယ်။ ဒီခေတ်ကြီးရဲ့ဇာတ်ကွက်တွေက တစ်ခါတစ်ခါရိုးစင်းပေမယ့် တစ်ခါတစ်ခါနားမလည်ဖြစ်တတ်ပါတယ်။ ကစားကွက်လေးလှတယ်ဆိုပြီး အလှည့်စားခံရတာတွေလည်းရှိနေပါတယ်။ ဒါတွေအားလုံးကတော့တစ်နေ့နေ့မှာ **"နေဝင်ချိန်"**လို ပြီးဆုံးသွားပါလိမ့်မယ်။ ကဗျာဆရာ **"သူလွမ်း"**ကတော့ ဒီလိုရေးလိုက်ပါတယ်။

*နေလုံးကြီးကို ကျောပေး*
*ကိုယ့်အရိပ် ကိုယ်ပြန်ငေးလို့*

*ရှည်လျားလွန်းလှစွာ*
*အရိပ်က*
*ပို၍ ရှည်လျားလာခဲ့၊*
*သံသရာရှည်သလိုမျိုး*
*တဖြည်းဖြည်း*
*ရှည်လျားပျောက်ကွယ်၊*
*နေလုံးကြီး ဝင်သွားသလို*
*ဘဝဟာ စုံးစုံးမြုပ်လို့*
*အဆုံးတစ်တစ်နေ့*
*အားလုံးပျောက်ကွယ်ရတာချည်း။*

ကျွန်တော်မျှော်လင့်နေတာကသံသရာရှည်နေသလို ဒီဝရုန်းသုန်းကားခေတ်ကြီးရှုတ်ထွေးမှုတွေ မရှည်စေချင်တာပါ။ တကယ်ပြောရရင်အုပ်စိုးသူတွေအချင်းချင်းရဲ့လှည့်ကွက်ထဲမှာ ပြည်သူတွေဒဏ်ခံနေရပါတယ်။ အာဏာအတွက် မာယာတွေပျောက်ကွယ်သွားစေချင်သလို ပြည်သူတွေရဲ့ဒုက္ခတရားပြည့်နှက်နေမှု တွေကိုဖြေရှင်းပေးနိုင်မယ့်ခေါင်းဆောင်တွေ ပေါ်ပေါက်လာစေချင်ပါတယ်။ အခုခေတ်ကြီးကိုစိတ်ပျက်နေတဲ့ကာရန်တွေကို မဖွဲ့ချင်ကြတော့ပါဘူး။ အမှားတွေကိုပိပိရိရိကျူးလွန်ရင်း ခေတ်ကြီးကအလွဲလွဲအချော်ချော်ကြီးပြင်းလာရတယ်ဆိုတာကို ကာရန်တွေဖွဲ့နေရတာလည်း အင်မတန်ရှက်စရာကောင်းပါတယ်။ ကဗျာဆရာမင်းချစ်သူရေးသလို ကိုယ်ဘာကောင်ဆိုတာလဲ ကိုယ့်ဟာကိုယ်မသိတဲ့ခေါင်းဆောင်များကို ဒီခေတ်ကြီးက မလိုချင်တော့ပါဘူး။

◆ကိုနိုင်း◆

<u>ခံစားမိသောကဗျာများ</u>

၁။ ပြုံးချို(တောင်တွင်း)၊ (ဒီခေတ်)၊
ခေတ်ရနံ့မဂ္ဂဇင်း၊ ဇန်နဝါရီလ ၂၀၁၉။
၂။ စပ်ခွန်ချို(ဇာတ်ကွက်)၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၉။
၃။ သူလွမ်း(နေဝင်ချိန်)၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၉။
ကိုးကားကဗျာ - မင်းချစ်သူ(ထမ်းထားချင်ခဲ့တဲ့ကမ္ဘာ)၊
ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ဇွန်၁၉၉၇။



# တရုတ် – အမေရိကန် ဆက်ဆံရေး

## ၂၀၁၈ အလွန် ၂၀၁၉ ဆန်း

ရဲကျော်စွာ

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှစ်ခုအကြား ဆက်ဆံရေးသည် ၂၀၁၈ ခုနှစ်အတွင်း ကုန်သွယ်ရေးစစ်ပွဲ ဖြစ်ပွားခြင်း၊ ဟွာဝေး လက်ကိုင်ဖုန်း လုပ်ငန်းစု တည်ထောင်သူ၏ သမီးကို ကနေဒါနိုင်ငံတွင် အမေရိကန်အာဏာပိုင်များ၏ တောင်းဆိုချက်အရ နည်းပညာသူလျှိုမှုဖြင့် ခေတ္တဖမ်းဆီး ထိန်းသိမ်းခဲ့ခြင်း၊ ထိုင်ဝမ်သို့ အမေရိကန်စစ်ရေးအကူအညီများ ဆက်လက်ပေးပို့ခြင်းနှင့် တောင်တရုတ် ပင်လယ် လူလုပ်ကျွန်းများကို တရုတ်ကတည်ဆောက်နေခြင်း အစရှိသည့် ကိစ္စများကြောင့် တင်းမာမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ထိပ်တန်းစက်မှုနိုင်ငံများ၊ ထိပ်တန်းချမ်းသာနိုင်ငံများနှင့် ပထဝီနယ်မြေအကျယ် အဝန်းနှင့် လူဦးရေအများဆုံးနိုင်ငံများ၏ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ပင်တို့နှစ်ဦး အချိန်အနည်းငယ် တွေ့ဆုံစကားပြောခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တည်ငြိမ်သွားစေရန် ယာယီသဘောတူညီခဲ့ကြသည်။ သို့သော်လည်း တရုတ်ပြည်က နည်းပညာမူပိုင်ခွင့်များကို ချိုးဖောက်နေသည်ဟုသော စွပ်စွဲချက်များနှင့် အခြားသောဒေသတွင်းရေးရာ ကိစ္စရပ်များကြောင့် တရုတ်-အမေရိကန်နှစ် နိုင်ငံဆက်ဆံရေးတွင် တင်းမာမှုများ ဆက်လက်ဖြစ်ပွား နေဆဲဖြစ်သည်။

### သမ္မတနှစ်ဦး ထပ်မံဆက်သွယ် စကားပြောဆိုခြင်း

၂၀၁၈ ခုနှစ် နှစ်ကုန်ခါနီး ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် အမေရိကန် သမ္မတဒေါ်နယ်ထရမ့်နှင့် တရုတ် သမ္မတရှီကျင့်ပင်တို့နှစ်ဦးသည် တယ်လီဖုန်းဖြင့် ဆက်သွယ်စကားပြောဆိုခဲ့သည်။ အာဂျင်တီးနားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ဂျီ-၂၀ ထိပ်သီးအစည်းအဝေးအတွင်း နှစ်နိုင်ငံရရှိခဲ့သောသဘောတူညီချက်များကိုလက်တွေ့ဆက်လက်အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ရှိကြောင်း နှစ်ဦးလုံးကထပ်မံအတည်ပြုပြောကြားခဲ့သည်။

တရုတ်သမ္မတရှီကျင့်ပင်နှင့် အချိန်ကြာမြင့်စွာ အဆင်ပြေချောမွေ့စွာစကားပြောနိုင်ခဲ့ပြီး အမေရိကန်တရုတ်ကုန်သွယ်ရေး ဆက်ဆံမှုကိစ္စရပ်များတွင် ကြီးမားသောတိုးတက်မှုများ ရရှိခဲ့သည်ဟု အမေရိကန် သမ္မတထရမ့်က သူ၏လူမှုကွန်ရက်တွစ်တာအကောင့်မှ တစ်ဆင့်ရေးသားဖော်ပြခဲ့သည်။ သူကတရုတ် သမ္မတရှီကျင့်ပင်နှင့် တရုတ်ပြည်သူများကို နှစ်သစ်ကူး နှုတ်ခွန်းဆက် စကားပြောဆိုခဲ့သည်။

အမေရိကန်-တရုတ် ဆက်ဆံရေးကိုကမ္ဘာကအသေအချာစောင့်ကြည့်နေသကဲ့သို့ ယင်းဆက်ဆံ ရေးသည် အလွန်အရေးကြီးသည်ဟု သမ္မတထရမ့်က ပြောဆိုခဲ့သည်။ ဂျီ - ၂၀ ထိပ်သီး အစည်းအဝေးအတွင်း နှစ်ဖက်သဘောတူညီခဲ့သောအချက်များကိုအကောင်အထည်ဖော်ရေး အတွက် နှစ်ဖက်လုံးက လိုလားမှုရှိ နေခြင်းကို ကျေနပ်ဖွယ်ရာ တွေ့ရှိရကြောင်း သမ္မတထရမ့်ကပြောဆိုခဲ့သည်။

အပြန်အလှန်အဖြစ် အမေရိကန်သမ္မတထရမ့်နှင့် အမေရိကန်ပြည်သူများကို တရုတ်သမ္မတရှီကျင့်ပင်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီးနှစ်နိုင်ငံဆက်ဆံရေးသည်အရေးကြီးသောအဆင့်သို့ ရောက်ရှိနေပြီဟုတရုတ်သမ္မတရှီကျင့်ပင်ကပြောဆိုခဲ့သည်။ နှစ်နိုင်ငံဆက်ဆံရေးတည်ငြိမ် တိုးတက်လာစေရန် သူတို့နှစ်ဦးလုံးက မျှော်လင့်ထားကြောင်း တရုတ်သမ္မတရှီကျင့်ပင်က ထုတ်ဖော်အသိပေးခဲ့သည်။

ပြီးခဲ့သော ၂၀၁၈ခုနှစ် တစ်နှစ်လုံးနီးပါးမှာတော့ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအကြား ကုန်သွယ်ရေးစစ်ပွဲ (Trade War) ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး အပြန်အလှန်ကုန်သွယ်ရေး တင်းကျပ်မှုများ ပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း ဂျီ - ၂၀ ထိပ်သီး အစည်းအဝေးအတွင်း ဒီဇင်ဘာလ ၁ ရက်နေ့တွင် သမ္မတနှစ်ဦးမျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်ရေးဆိုင်ရာ အရေးယူအပြစ်ပေး ဒဏ်ခတ်မှုများကို ရပ်ဆိုင်းရန် သဘောတူညီခဲ့ကြသည်။

ယခု ၂၀၁၉ခုနှစ် ဇန်နဝါရီလအတွင်း နှစ်နိုင်ငံအစိုးရများ၏ ကုန်သွယ်ရေးကိုယ်စားလှယ်များ တွေ့ဆုံ ဆွေးနွေးကာ အသေးစိတ်သဘောတူညီချက်များ ရေးဆွဲတည်ဆောက်ရန် လျာထားစီစဉ်ထားသော်လည်း တွေ့ဆုံဆွေးနွေးမည့် ရက်စွဲအတိအကျကို မသတ်မှတ်ရသေးပါ။

တရုတ်နှင့် ကုန်သွယ်ရေးတွင် အမေရိကန်ဘက်မှ ဆက်တိုက်လိုငွေပြနေခြင်းအပေါ် သမ္မတထရမ့်က အစဉ်သဖြင့် ဝေဖန်ပြောဆိုနေခဲ့ဖူးသည်။ ထို့အပြင် ဉာဏ်ပစ္စည်း မူပိုင်ခွင့်များ ချိုးဖေါက်နေခြင်း အပါအဝင် မမျှတသော ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများကို တရုတ်နိုင်ငံဘက်က ပြန်လည်အရေးယူ ဆောင်ရွက်ပေး ရန်ကိုလည်း အမေရိကန်ဖက်က လိုလားနေကြသည်။

### ဉာဏ်ပစ္စည်း မူပိုင်ခွင့် ပြဿနာ

တရုတ်နှင့်အမေရိကန်နှစ်နိုင်ငံအကြားကုန်သွယ်ရေးစစ်ပွဲအတွင်း အမေရိကန်ဘက်မှ အဓိကထား ပြောဆိုနေခဲ့သည့် ဉာဏ်ပစ္စည်း မူပိုင်ခွင့် (Intellectual Property Rights) ပြဿနာများကို ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ပြီးတရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အမြင့်ဆုံးတရားရုံးမှာ ကြားနာစစ်ဆေးတော့မည်ဖြစ်ကြောင်း တရုတ်အစိုးရက ထုတ်ပြန်ကြေညာလိုက်သည်။

စီးပွားရေး မဟာအင်အားကြီး နှစ်နိုင်ငံ (Two Economic Super Powers) အကြား ကုန်သွယ်ရေး စစ်ပွဲအတွင်း အမေရိကန်ဒေါ်လာ ဘီလျံ ၃၀၀ ကျော် (သန်းပေါင်း သုံးသိန်းကျော်) တန်ဖိုးရှိ အကောက်ခွန်များ အပြန်အလှန် တိုးမြှင့်စည်းကြပ် ကောက်ခံခဲ့ရာမှ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ ရောက်မှ ရက် ၉၀ အတွင်း နောက်ထပ် အကောက်ခွန် တိုးမကောက်စေရန် သဘောတူညီမှု ရရှိခဲ့သည်။

ဉာဏ်ပစ္စည်း မူပိုင်ခွင့်များနှင့် သက်ဆိုင်သောစည်းမျဉ်းများကို လိုက်နာစေရန် တရုတ်အစိုးရကတင်း ကျပ်စွာလုပ်ဆောင်နေခြင်း မရှိသည့်အပြင် တရုတ်နိုင်ငံအတွင်းဝင်ရောက် ရင်းနှီးမြှုပ်နှံနေသည့် နိုင်ငံခြားစီး ပွားရေးလုပ်ငန်းများကို တရုတ်စက်မှုလုပ်ငန်းများထံသို့ နည်းပညာများ အတင်းအကျပ်လွှဲပြောင်းခိုင်းနေ သည်ဟု အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က ဆက်တိုက်ဝေဖန်နေခဲ့ကြသည်။

ယခုကဲ့သို့ဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ဆိုင်ရာမှုခင်းများကို ၂၀၁၉ ခုနှစ်မှစတင်၍ တရုတ်နိုင်ငံ၏ အထက်တန်းတရားရုံးတွင် စတင်ကြားနာ စစ်ဆေးတော့မည်ဖြစ်ကြောင်း တရုတ်တရားရေးဌာန ဒုတိယအကြီးအကဲ လျူအို ဒွန်ချွမ်၏ ဒီဇင်ဘာလ ၂၉ ရက်နေ့က ပြောဆိုချက်ကို တရုတ်အစိုးရပိုင် ဆင်ဟွာသတင်းဌာနက ဖော်ပြပေးခဲ့သည်။

ယခင်ကမူ ယင်းအမှုမျိုးကို ခရိုင်အဆင့် တရားရုံးများတွင်သာ ကြားနာခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် တရားရေးဆိုင်ရာ လျှောက်ထားချက်များအတွက် တသမတ်တည်း ရှိလာစေမည့်အပြင်တရားရုံးများတွင် ကြားနာစစ်ဆေးမှုများတွင်လည်း ထိရောက်ကာ အရည်အသွေး တိုးတက်ကောင်း မွန်လာစေမည်ဟု ပြောဆိုသည်။

မည်သို့ပင်ဖြစ်စေ လတ်တလောဆောင်ရွက်ချက်များအရ ဉာဏ်ပညာ မူပိုင်ခွင့်များဆိုင်ရာ တရားမဝင် ခိုးယူမှုများကို အရေးယူဆောင်ရွက်ရန် တရုတ်အစိုးရက သိသာစွာ စတင်ဆောင်ရွက်လာခြင်းလည်းဖြစ်သည်။ တရုတ်နိုင်ငံအတွင်း ၂၀၁၇ ခုနှစ်အတွင်း ဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ခိုးယူမှုပေါင်းအမှု နှစ်သိန်း ကျော်ကို ကြားနာစစ်ဆေးခဲ့ပြီး ယင်းကိန်းဂဏန်းသည် ၂၀၁၆ ခုနှစ်က လက်ခံကြားနာစစ်ဆေးပေးခဲ့သောအမှုများ အရည်အတွက်ထက် ၄၀ ရာခိုင်နှုန်း ပိုမိုတိုးမြင့်လာခြင်းဖြစ်သည်။

### တရုတ် အပေါ် စစ်ရေးအရ ဆက်လက် အာရုံပိုစိုက်သွားမည်

ကုန်သွယ်ရေး စစ်ပွဲကို ရပ်ဆိုင်းရန် အမေရိကန်နှင့် တရုတ်အကြား ယာယီသဘောတူညီမှုရရှိကာ ပြေလည်ခဲ့သော်လည်း အမေရိကန်၏ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာနှင့် ဒေသဆိုင်ရာ မဟာဗျူဟာများတွင် တရုတ်ပြည်ကို ဦးတည်ထားသော ဝန်းပတ်ပိတ်ဆို့ရေးနှင့် တရုတ်ပြည်ထိန်းချုပ်ရေးမူဝါဒ (China Containm- ent Policy) သည် အရေးကြီးသော မဟာဗျူဟာဆိုင်ရာ ရွေးချယ်ချက်အဖြစ် ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။ လတ်တလောတွင်လည်း အမေရိကန်တပ်မတော်၏ ယခင်က သီးခြားစီထားရှိခဲ့သော ပစိဖိတ် သမုဒ္ဒရာ ကွပ်ကဲမှုဌာနချုပ် (Pacific Command) နှင့် အိန္ဒိယသမုဒ္ဒရာကွပ်ကဲမှုဌာနချုပ် (Indian Ocean Command) နှစ်ခုကို ပေါင်းစပ်ဖွဲ့စည်းလိုက်ပြီး အင်ဒိုပစိဖိတ်ဒေသဆိုင်ရာ ကွပ်ကဲမှုဌာနချုပ် (Indo-Pacific Com mand ) အဖြစ် တစ်ခုတည်းသော ဒေသဆိုင်ရာ ကွပ်ကဲမှုဌာနချုပ်အသစ်တစ်ခုကို စတင်တည်ထောင် လိုက်သည်။ အမေရိကန်တပ်မတော်၏အင်ဒိုပစိဖိတ် ကွပ်ကဲမှုဌာနချုပ်အသစ်သည် ပစိဖိတ် သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာ နှစ်ခုလုံးမှနေ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ဘက်ပေါင်းစုံ ဝန်းပတ်ပိတ်ဆို့ရေးနှင့် ထိန်းချုပ်ဟန့်တားရေး လုပ်ငန်းစဉ်များအတွက် လုပ်ပိုင်ခွင့်များ အပြည့်အဝ ရရှိသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အမေရိကန်တပ်မတော်အတွက် အဓိကဦးစားပေး အာရုံစိုက် လုပ်ဆောင်သွားမည့် နိုင်ငံဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ယာယီကာကွယ်ရေးဝန်ကြီး ပက်ရှာနာဟန်က ဇန်နဝါရီလ ၂ ရက်နေ့က ပြောဆိုလိုက်သည်။ ဇန်နဝါရီလ ၂ ရက်နေ့သည် ပက်ရှာနာဟန် အနေဖြင့် ယာယီကာကွယ်ရေး ဝန်ကြီးအဖြစ် အပြည့်အဝ စတင်တာဝန်ထမ်းဆောင်သည့် ပထမဆုံးနေ့လည်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာန ထိပ်တန်းအရာရှိများနှင့် ထိုနေ့က ပြုလုပ်ခဲ့သော အစည်းအဝေးအတွင်း အဓိက ဦးစားပေးနိုင်ငံ တရုတ်၊ တရုတ်၊ တရုတ် - ဖြစ်သည်ဆိုခြင်းကို မမေ့ကြစေရန် ယာယီဝန်ကြီးအသစ် ရှာနာဟန်က အကြိမ်ကြိမ်ထပ်လောင်းပြောဆိုခဲ့သည်ဟု အမည်မဖော်လိုသော ဝန်ထမ်းတစ်ဦးက အမေရိကန်မီဒီယာများသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။

တရုတ်နှင့် ရုရှားသည် အဓိကအင်အားကြီး ပြိုင်ဘက်နိုင်ငံများဖြစ်သည်ဟု ယူဆသတ်မှတ်ပေးထားပြီး ယခင်က တာဝန်ယူသွားခဲ့သည့် ကာကွယ်ရေးဝန်ကြီးဟောင်း ဂျင်မက်တစ်က ချမှတ်ပေးထားခဲ့သော မဟာ ဗျူဟာကို ဆက်လက်ကျင့်သုံးသွားမည်ဟု ယာယီဝန်ကြီး ရှာနာဟန်က ပြောဆိုခဲ့သည်ဟုလည်း ကာကွယ် ရေးဝန်ကြီးဌာနမှအမည်မဖော်လိုသည့် အခြားအရာရှိတစ်ဦးကလည်း ပြောဆိုခဲ့သည်။

ဆီးရီးယားစစ်မျက်နှာမှ အမေရိကန်မြေပြင်တပ်ဖွဲ့များကို အကုန်အစင်ပြန်လည်ရုပ်သိမ်းရန်အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးနောက် သမ္မတထရမ့်နှင့် သဘောထားကွဲပြားကာ ယခင်ကာကွယ်ရေး ဝန်ကြီးဂျင်မက်တစ်က ရာထူးမှ နုတ်ထွက်သွားခဲ့သောကြောင့် ပက်ရှာနာဟန်သည် ဇန်နဝါရီလ၁ ရက်နေ့မှ စတင်၍ ယာယီကာကွယ်ရေးဝန်ကြီးအဖြစ်ခေတ္တထမ်းဆောင်နေခြင်း ဖြစ်သည်။

တရုတ်နိုင်ငံသည် စစ်ရေးနှင့် စီးပွားရေးအရ သူလျှိုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း အမေရိကန်က စွပ်စွဲထားခဲ့ပြီး တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများသည် စီးပွားရေး တရားမမျှတသည့် အနိုင်အထက် ပြုကျင့်မှုများ ဖြစ်သည်ဟုလည်း အမေရိကန် ပြည်ထောင်စုဘက်မှ တောက်လျှောက်ဝေဖန်ပြစ်တင်နေခဲ့သည်။

ရဲကျော်စွာ



www.free4readers.com



# AA ၏ လွတ်လပ်ရေးနေ့တိုက်ခိုက်မှုကြောင့် ရခိုင်ပြဿနာအမှောင်တိုက်အတွင်း ပြန်ရောက်စေမည်လား

□ ဇင်လင်း □

၂၀၁၉ ခုနှစ်ဆန်းချိန်သည် မြန်မာ့လွတ်လပ်ရေး ၇၁ နှစ်ပြည့်မြောက်ချိန်ဖြစ်သည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သော ပြည်တွင်းစစ်မီးကို ငြိမ်းသတ်နိုင်ကြရန် ဘက်အသီးသီး၊ ပါတီအဖွဲ့အစည်းအသီးသီးက ကြိုးစားအားထုတ်နေကြသည်။ သို့သော်ငြားလည်း အမြင်တိုတောင်းသူများ၊ ဆန္ဒစွဲအစွန်းရောက်သူများ၏ အမြော်အမြင်ကင်းမဲ့သောလုပ်ရပ်အချို့ကြောင့် ပြည်တွင်းစစ်ရပ်စဲရေး လမ်းစပေါ်လာပြီးမှ ပျောက်ရပြန်ဦးမည်လားဟု စိုးရိမ်နေရသည်။ လွတ်လပ်ရေး ၇၁ နှစ်ပြည့်မြောက်သည့်အချိန်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ နယ်ခြားစောင့်ရဲကင်းစခန်းလေးခုကို (လွတ်လပ်ရေးနေ့)တွင် ရခိုင်လက်နက်ကိုင်အဖွဲ့(AA)က တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့သည့်လုပ်ရပ်မှာ အလွန်စိတ်မချမ်းမြေ့ဖွယ်အကြမ်းဖက်မှုဟုဆိုရတော့မည်။ ရဲမှူးတစ်ဦးအပါအဝင် ရဲတပ်ဖွဲ့ဝင် ၁၃ ဦးကျဆုံးပြီး ဒဏ်ရာရသူနှင့် ပျောက်ဆုံးနေသူများရှိသည်ဟု သတင်းများအရ သိရသည်။ ဘူးသီးတောင်မြို့နယ်ရှိ ကျောင်းတောင်၊ ငမြင်းဘော်၊ ဂုပ်ပိနှင့် ခထီးလှနယ်ခြားစောင့်ရဲကင်းစခန်းလေးခုကို AA အဖွဲ့က ဇန်နဝါရီ ၄ ရက်နံနက် ၆ နာရီခွဲခန့်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ယခုဖြစ်ရပ်ကိုကြည့်လျှင် ပြည်တွင်းစစ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးကြိုးပမ်းမှု ဖြစ်စဉ်သည် ထင်တိုင်းမပေါက်သေးဟု ဆိုရမည်။ ရဲကင်းစခန်းတိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ အစိုးရက သတင်းထုတ်ပြန်ရာ၌ AA သောင်းကျန်းသူအဖွဲ့ဟုသုံးနှုန်းပြီး AA ၏တိုက်ခိုက်မှုကြောင့် ရဲကင်းစခန်းလေးခုမှ ရဲတပ်ဖွဲ့ဝင် ၁၃ ဦးကျဆုံးပြီး ကိုးဦး ဒဏ်ရာရရှိကြောင်း ဖော်ပြသည်။ ထို့ပြင် လက်နက်ငယ်မျိုးစုံအလက် ၄၀နှင့် ခဲယမ်းမျိုးစုံဆုံးရှုံးခဲ့သည်ဟုလည်း ဖော်ပြထားသည်။



မကြာသေးမီက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်စွဲဖြင့် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်" တစ်စောင်ထုတ်ပြန်ခဲ့သည်။ ယခု နှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၁၉ ဧပြီ ၃၀ ရက်အထိ စစ်ဆင်ရေးနယ်မြေအလိုက် စစ်ရေးဆိုင်ရာလှုပ်ရှားမှုအားလုံးကို ရပ်ဆိုင်းပေးမည်ဟုဆိုသည်။ တပ်လှုပ်ရှားမှု ရပ်ဆိုင်းထားသည့် ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရန်ဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်။ ထိုသို့ဆွေးနွေးရာတွင် လိုအပ်ပါက တပ်မတော်မှ ပါဝင်ညှိနှိုင်းဆွေးနွေးနိုင်ရန် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်ပြီး ကာကွယ်ရေးဝန်ကြီးဌာနစစ်ဆင်ရေးအထူးအဖွဲ့မှူး(ကစထမှူး)များ၊ သက်ဆိုင်ရာတိုင်းမှူးများပါဝင်သည့် တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ လေးလကြာ အပစ်ရပ်ထုတ်ပြန်ချက်အပေါ် ကချင်လွတ်မြောက် ရေးအဖွဲ့ KIO ဗဟိုကော်မတီဘက်ကလည်း တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ကြောင်း သဘောထားထုတ်ပြန်ခဲ့သည်။ တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်ရပ်စဲရေးကြေညာပေးစေလိုကြောင်း၊ ပြည်တွင်းစစ်ကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းသွားရန် ဆန္ဒရှိကြောင်း KIO က ဒီဇင်ဘာလ ၂၂ ရက်နေ့ ရက်စွဲဖြင့် သဘောထားထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။

တစ်ဆက်တည်းမှာပင် ဒီဇင်ဘာ ၂၉ ရက်နေ့က ကချင်အဖွဲ့ (KIA)၊ တအာင်းအဖွဲ့ (TNLA)၊ ကိုးကန့်အဖွဲ့ (MNDAA)၊ ရခိုင်အဖွဲ့(AA)တို့က နိုင်ငံတော်သမ္မတအနေဖြင့် တပ်မတော်၏စစ်တိုင်းအားလုံးတွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုအားလုံးတစ်ပြိုင်တည်း ရပ်ဆိုင်းပေးရန်တောင်းဆိုကြောင်း သဘောထားထုတ်ပြန်ခဲ့ သည်။ တပ်မတော်အနေဖြင့် ရခိုင်ဒေသအတွင်း AA နှင့် တိုက်ပွဲဖြစ်ပွားမှုအမြန်ဆုံးရပ်တန့်ပေးရန်လည်း မြောက်ပိုင်းလေးဖွဲ့က တောင်းဆိုခဲ့သည်။

ထိုကဲ့သို့ စစ်ရပ်စဲရေးကိစ္စကို အလေးအနက် အပြန်အလှန်ပြောဆိုနေကြစဉ် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် AA က ဘူးသီးတောင်မြို့နယ်ရှိ ကျောင်းတောင်၊ ငမြင်းဘော်၊ ဂုပ်ပိနှင့် ခထီးလှနယ်ခြားစောင့်ရဲကင်းစခန်းလေးခုအား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် မီးလောင်ရာလေပင့်သော လုပ်ရပ်ဟု ဆိုရမည်။ နိုင်ငံတကာဖိအားများကြောင့် မတည်မငြိမ်ဖြစ်နေသည့် ရခိုင်ဒေသ၏အခြေအနေကို ပိုမိုရှုပ်ထွေးအောင် လုပ်ရာကျပေသည်။ ထို့ပြင် ယခုလုပ်ရပ်မှာ အကြမ်းဖက်လုပ်နည်းလုပ်ဟန်ဖြစ်နေသောကြောင့် နိုင်ငံရေးအရစဉ်းစားလျှင် AA အတွက် ကြီးမားသော အနုတ်လက္ခဏာ ဖြစ်သွား ပေသည်။ နိုင်ငံရေးနည်းဖြင့် အဖြေရှာလိုပါသည်ဟု AA တို့ ကိုယ်တိုင်ထုတ်ပြန်ပြောဆိုထားသည့် စကားကို ဆန့်ကျင်ကာ ကိုယ်တိုင်မထေမဲ့မြင်လုပ်လိုက်ရာလည်း ရောက်နေသည်။

နိုင်ငံရေးအရ AA အဖွဲ့ အနုတ်လက္ခဏာပြသည်ဟု ဆိုရခြင်းမှာ ထိုအကြမ်းဖက်တိုက်ခိုက်မှုအပေါ် ပြည်တွင်းနိုင်ငံရေးပါတီများကလည်း ရှုတ်ချခဲ့၍ ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးကလည်း ယင်းဖြစ်စဉ်ကို ပြင်းထန်စွာ ရှုတ်ချခဲ့ပြီး၊ သေဆုံးခဲ့ကြရသူများအတွက် ဝမ်းနည်းကြေကွဲရကြောင်း ထုတ်ပြန်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ထောက်ခံကြောင်း၊ အမျိုးမျိုးသော အကြမ်းဖက်တိုက်ခိုက်မှုများကို ပြတ်သားစွာဆန့်ကျင်ကြောင်းနှင့် ပြဿနာများကို ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို အတူတကွ ထိန်းသိမ်းကာကွယ်ရန် တိုက်တွန်းကြောင်း တရုတ်သံရုံး၏ကြေညာချက်၌ဖော်ပြထားသည်ကို တွေ့ရသည်။

AA သည် ကချင်ပြည်နယ် လိုင်ဇာဒေသ၌ အခြေပြုဖွဲ့စည်းခဲ့သည့် လက်နက်ကိုင်အဖွဲ့ဖြစ်ပြီး ၂၀၁၅ ခုနှစ်မှစတင်၍ ရခိုင်ပြည်နယ်အတွင်း အခြေချရန်ဆောင်ရွက်လာသောကြောင့် တပ်မတော်နှင့် AA အကြား တိုက်ပွဲများဖြစ်ပွားပြီး ယခုနှစ် ကုန်ပိုင်းတွင် ပိုမိုပြင်းထန်လာသည်ဟု ဆိုသည်။

"အဓိကကတော့ တပ်မတော်ဘက်ကလည်း AA ကို ရခိုင်ပြည်နယ်ထဲမှာ အခြေချတာလက်မခံဘူးဆိုတဲ့ အနေအထားမှာသူတို့က စခန်းတွေပေါ်လာတာ။ ပေါ်လာတဲ့ဟာတွေ လိုက်တိုက်နေတာကိုလည်း တုံ့ပြန်တဲ့အနေနဲ့၊ ပရက်ရှာပေးတဲ့အနေနဲ့ လုပ်တဲ့ သဘောမျိုးလည်း ဖြစ်နိုင်ပါတယ်"ဟု ပဋိပက္ခစောင့်ကြည့်အဖွဲ့ Myanmar Institute for Peace and Security မှ ဒေါက်တာမင်းဇော်ဦးက ရဲကင်းစခန်းများအား AA က တိုက်ခိုက်ခြင်းအပေါ် မှတ်ချက်ပြုကြောင်း ၇ ရက်နေ့စဉ်သတင်းက ဖော်ပြသည်။ အစိုးရက AA အပါဝင် မြောက်ပိုင်းလက်နက်ကိုင်လေးဖွဲ့နှင့် အပစ်ရပ်စဲရေးဆွေးနွေးရန် ပြင်ဆင်နေချိန်တွင် ယခုကဲ့သို့ တိုက်ပွဲများပြင်းထန်နေခြင်းဖြစ်သည်။

တစ်ချိန်တည်းတွင် သမ္မတဦးဝင်းမြင့်က (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ၌ ဒီမိုကရေစီကျင့်စဉ်နှင့်ဖက်ဒရယ်မူများနှင့်အညီ နိုင်ငံတော်နှင့်သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့်ဝိုင်းဝန်းကြိုးပမ်းရန် တိုက်တွန်းထားသည်။ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဟု နိုင်ငံတော်သမ္မတဦးဝင်းမြင့်က တိုက်တွန်းထားသည်။ ၂၀၁၉ ဇန်နဝါရီ ၄ ရက်က ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီရုံးချုပ်တွင် ပြုလုပ်သော (၇၁)နှစ်မြောက်အခမ်းအနား၌ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ပြည်သူလူထု၏ယုံကြည်မှု၊ မျှော်လင့်ကိုးစားမှု၊ တစ်ခဲနက်ထောက်ခံမှုဖြင့် နိုင်ငံတော်အား တာဝန်ယူ၊ တာဝန်ခံခွင့်ကိုရရှိပြီးချိန်နှင့် တစ်ဆက်တည်းမှာပင် ဘက်ပေါင်းစုံဖိအားများ၊ စိန်ခေါ်မှုများ၊ အကျပ်အတည်းများကို ရင်ဆိုင်ရန်းကန်နေရဆဲဖြစ်ကြောင်း NLD ပါတီပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွှန့်က ပါတီထုတ်ပြန်ချက် ဖတ်ကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

"အထူးသဖြင့် အကြမ်းဖက်ဝါဒနဲ့ ကြမ်းကြုတ်ရက်စက်မှုများကို မစေ့စပ်စတမ်း ချေမှုန်းနေရပါတယ်။ နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာအပေါ် အမျိုးသားသရုပ်နဲ့ ဂုဏ်သိက္ခာအပေါ် တစ်ဖက်သတ်တိုက်ခိုက်နေမှုများကိုလည်း တည်တည်ငြိမ်ငြိမ်၊ လေးနက်မှုရှိရှိနဲ့ ခုခံကျော်လွှားနေရပါတယ်။ ကမ္ဘာ့အလယ်မှာ ကျွန်တော်တို့နိုင်ငံအဆင့် နေရာမှန်ပြန်လည်မြှင့်တင်ရပ်တည်နိုင်ရေးကိုလည်း ကြိုးပမ်းနေရပါတယ်"ဟု ဒေါက်တာမျိုးညွှန့်က ပြောကြားခဲ့ကြောင်း ၇ ရက်နေ့စဉ်သတင်း၌ ဖော်ပြခဲ့သည်။

၎င်းအပြင် အခြားတစ်ဖက်၌လည်း လက်ရှိမြန်မာနိုင်ငံ၏နိုင်ငံရေးအကျပ်အတည်း၏ ဗဟိုချက်ဖြစ်သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအရှည်ကြာဆုံးနေ့ရက်များကို ချုပ်ငြိမ်းစေလျက် ထာဝရငြိမ်းချမ်းရေးရရှိရေး အထူးအလေးအနက်ထား လုံ့လပြုနေကြောင်း NLD ပါတီ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြင့်သာ ငြိမ်းချမ်းရေးနှင့်လူသားမျိုးနွယ်ဆက်လက်ရှင်သန်ရေးပြဿနာကို အခြေခံကျကျနှင့် အပြီးသတ်ဆုံးခန်းတိုင် ဖြေရှင်းနိုင်မည်ဖြစ်ပြီး ပြည်သူလူထုအား ငြိမ်းချမ်းရေး၏တောက်ပသည့်အလင်းရောင်များ ကြည့်မြင်ခံစားနိုင်အောင် ဆောင်ကြဉ်းပေးနိုင်ရေးသည် NLD ပါတီ၏ ပဓာနအကျဆုံးတာဝန်ဖြစ်ကြောင်း ပါတီထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ AA သောင်း ကျန်းသူအဖွဲ့၏အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကြောင့် အခြေအနေများကို ပိုမိုရှုပ်ထွေးစေပြီး ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေကာ ရခိုင်ပြည်နယ်အတွင်း မတည်ငြိမ်မှုများ မြင့်တက်လာစေနိုင်ရန် ရည်ရွယ်ချက်ရှိရှိဆောင်ရွက်လာခြင်းဖြစ်ကြောင်း အစိုးရက သတင်းထုတ်ပြန်ခဲ့သည်ကို သတိပြုမိသည်။ AA အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့က ထိရောက်စွာနှိမ်နင်းမည်ဟုလည်းအစိုးရ၏သဘောထားကို ဖော်ပြခဲ့သည်။

တပ်မတော်၏ ဒီဇင်ဘာ ၂၁ ရက်ထုတ်ပြန်ချက်တွင် စစ်တိုင်းငါးခု၌ ပစ်ခတ်တိုက်ခိုက်မှုရပ်ဆိုင်းမည်ဟု ဖော်ပြခဲ့သော်လည်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် မပါဝင်ဘဲ တပ်မတော်နှင့် AA အကြားတိုက်ပွဲများ ပိုမိုပြင်းထန်ခဲ့သည်။ ထို့ကြောင့် တပ်မတော်ဘက်က အင်အားသုံးပြီး ထိုးစစ်ဆင်မှုအပေါ် လိုအပ်သည့် တုံ့ပြန်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်ဟု AA ပြောရေးဆိုခွင့်ရှိသူခိုင်သုခက ပြောကြောင်း ၇ ရက် နေ့စဉ်သတင်းအရ သိရသည်။

ငမြင်းဘော်ရဲကင်းစခန်းနှင့် ကျောင်းတောင်ရဲကင်းစခန်း ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ်ကို ၂၀၁၄ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ (က)/၅၄၊ ၁၉၄၉ ခုနှစ် လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေပုဒ်မ ၂(၁)(က)အရလည်းကောင်း၊ ဂုပ္ပိရဲကင်းစခန်းနှင့် ခထီးလှရဲကင်းစခန်း ဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ်ကို ၂၀၁၄ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)/၅၄ ဖြင့် အမှုဖွင့်ခဲ့သည်ဟုဆိုသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၄ သည် အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ရဲကင်းစခန်းလေးခုကို ရခိုင်လက်နက်ကိုင်အဖွဲ့(AA)က ဇန်နဝါရီ ၄ ရက်နံနက်တွင် တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် ၁၃ ဦးကျဆုံးပြီး ကိုးဦးဒဏ်ရာရခဲ့သည့် ဖြစ်စဉ်အတွက် ဘူးသီးတောင်မြို့နယ် တောင်ပဇာနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဇန်နဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂ၊ တရုတ်နိုင်ငံနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက စစ်ရေးပဋိပက္ခများဖြစ်ပွားလျက်ရှိသော စစ်တိုင်းဒေသငါးခုတွင် မြန်မာ့တပ်မတော်က တစ်ဖက်သတ် အပစ်အခတ်ရပ်စဲလိုက်သည့်အပေါ် ဒီဇင်ဘာ ၂၂ ရက်၌ သဘောထားကြေညာချက်များ အသီးသီးထုတ်ပြန်၍ ထောက်ခံကြိုဆိုခဲ့ကြသည်။ ယင်း အခြေအနေကိုကြည့်ပါက အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) အားလုံးက ငြိမ်းချမ်းလိုသော ဆန္ဒရှိနေကြသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် ယခုပေါ်ပေါက်လာသော AA အဖွဲ့၏အကြမ်းဖက်မှုပြဿနာသည် ငြိမ်းချမ်းရေးမိုးကောင်းကင်ကို ပြန်လည်အုံ့မှိုင်းမှောင်ရီလာအောင် လုပ်သကဲ့သို့ဖြစ်နေသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဆွေးနွေးညှိနှိုင်းအဖြေရှာကြမည်ဟုဆိုထားပြီးကာမှ၊ ယခုကဲ့သို့ ရဲကင်းများကို အလစ်အခိုက်တိုက်ခိုက်ခြင်းသည် အမြော်အမြင်မဲ့သော လုပ်ရပ်ဟုသာ ဆိုရတော့မည်။ အကျိုးနှင့်အပြစ်ကို မချိန်ဆဘဲ လုပ်ခဲ့သည်ဟု ဆိုနိုင်သည်။

အမှန်စင်စစ် တပ်မတော်၏ လေးလတာ ယာယီအပစ်ရပ်ထားခြင်းသည် မလုံလောက်ဟု ယူဆပါက အခြား EAOs အဖွဲ့များနှင့် ညှိနှိုင်းကာ၊ မောင်တောဒေသမှအပ၊ တစ်ပြည်လုံး အပစ်ရပ်ကြေညာရန် နိုင်ငံရေးနည်းအရ ကြိုးပမ်းသင့်သည်။

၂၀၂၀ ပြည့်နှစ်မတိုင်မီ ၂၁ ရာစုပင်လုံညီလာခံကို သုံးကြိမ်ကျင်းပပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ် အခြေခံမူများချမှတ်မည်ဟု အစိုးရနှင့် EAOs အချို့သဘောတူထားခဲ့သော်လည်း၊ မတူခြားနားသည့် ကွာဟချက်များကို အဖြေညှိရန်လိုနေဆဲရှိသည်။ သို့ဖြင့် NCA ပါ သဘောတူညီချက်များကို အကောင် အထည်မဖော်နိုင်သေးဘဲရှိနေကြောင်း ကရင်အမျိုးသားအစည်းအရုံး KNU က ထုတ်ပြန်ဖော်ပြခဲ့ဖူးသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် NCA ပြင်ပအကြောင်းအရာများဖြစ်သည့် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိစ္စ၊ ပြည်ထောင်စုမှခွဲမထွက်ရေးကိစ္စ၊ တပ်မတော်တစ်ခုထဲထားရှိရေးကိစ္စများကို ညီလာခံတွင် ထည့်သွင်းဆွေးနွေးလာခဲ့ပြီး နောက်၊ ယခုကဲ့သို့ EAOs များနှင့် အစိုးရတပ်မတော်တို့အကြား တစ်ဆို့မှုများပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ငြိမ်းချမ်းရေးပြဿနာတွင် ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းအသီးသီး၏ခေါင်းဆောင်များအနေဖြင့် လာမည့် ၂၁ ရာစုပင်လုံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက် အကောင်အထည်ဖော်ရာ၌ "ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း"စသည့် နည်းနာများကို လိုက်နာကြဖို့လိုသည်။ ထိုကျင့်ဝတ်များကို လိုက်နာမှသာ အပြန်အလှန်ယုံကြည်မှုရရှိနိုင်မည်။ အပြန်အလှန် ယုံကြည်မှုပျက်ပြားစေမည့်လုပ်ရပ်မျိုးကို ဘက်အသီးသီးက မရှောင်ကြဉ်နိုင်သမျှငြိမ်းချမ်းရေးနီးလျက်ဝေးနေပေဦးမည်။

♦ ဇင်လင်း ♦

www.free4readers.com







# ဟမရာအေဒ်နှုတ်မဆက်ဘဲထွက်ခွာသွားသူ

**ခရမ်ခူ(မြစ်ကြီးနား)**

ငယ်ငယ်ကတည်းကကျောင်းဆရာမဖြစ်ချင်သူ ဇယ်နော။ ဘွဲ့ရသည်နှင့် လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်း (PPTT) လျှောက်သည်။ မြစ်ကြီးနားပညာရေးကောလိပ်တွင် လေးလသင်တန်းတက်ပြီးနောက် မူလတန်းပြရာထူးနှင့် ကချင်ပြည်နယ်အတွင်းရှိကျရာကျောင်းတွင် အနည်းဆုံးနှစ်နှစ်တာဝန်ထမ်းဆောင်ရမည်။ ဇယ်နော သင်တန်းဆင်းတော့ အလုပ်လျှောက်လွှာတွင် မိမိဆန္ဒပြုသည့် ကျောင်းကို အစဉ်အတိုင်းမဖြည့်ဘဲ စေလိုရာစေဟုဖြည့်လိုက်သည်။ သည်တော့ သူတာဝန်ကျသည့်ကျောင်းက နီးနီးနားနားမဟုတ်။ ဝေးသည်မှ အဝေးဆုံးလို့ပြောရမည့် ခေါင်လန်ဖူးကကျောင်း။ ခေါင်လန်ဖူးဆိုသည်မှာ နဝတအစိုးရလက်ထက်တွင်မှ မြို့နယ်ဖြစ်လာသည့် မြို့နယ်တစ်ခု။ မြန်မာပြည်မြောက်ဘက်အစွန်ဆုံး မြို့ နယ်ဖြစ်သည့် နောင်မွန်းမြို့၏ အရှေ့တောင်ဘက်ယွန်းယွန်းရှိမြို့တစ်မြို့၊ သည်မြို့မှမိုင် ၄၀ခန့်ဝေးသည့် ဖန်တုံဆိုသောရွာမှ အလယ်တန်းခွဲကျောင်း။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး လူသူအရောက်အပေါက်နည်းသည်။ တောင်တက်တောင်ဆင်းနှင့် ကြိုးတံတားတွေပါဖြတ်ရသည့် ခရီးလမ်း၊ ခက်ခဲကြမ်းတမ်းသလားမမေး နှင့်။ သည်ဒေသရောက်ဖို့ ပူတာအိုမှ ကားတစ်တန်၊ ဆိုင်ကယ်တစ်တန်၊ ခြေကျင်တစ်တန် သွားရသည်။ အမျိုးသမီးဝန်ထမ်းတွေ မပြောနှင့်၊ အမျိုးသားဝန်ထမ်းတွေပင် သွားဖို့စိတ်မကူးရဲသောဒေသ။ သူငယ်ချင်းတွေ ဆွေမျိုးသားချင်းတွေ အစ်ကိုတွေကဇယ်နောကို သည်နေရာသွားဖို့သိပ်အားမပေး။ ဇယ်နောစိတ်ဓာတ်ကို သိသည့် မိဘတွေကတော့ဘာမှမပြော၊ဇယ်နောတွင်မောင်နှမလေးယောက်ရှိသည်။ အစ်ကိုနှစ်ယောက်နှင့် မောင်လေးတစ်ယောက်၊ မိန်းကလေးက သူတစ်ယောက်တည်း။ သည်မောင်နှမတွေထဲတွင် ဇယ်နောက တစ် ခြားသူများနှင့်မတူ။ သူလုပ်ချင် တာကို လုပ်ရမှကျေနပ်သူ။ ခုလည်း ဇယ်နောသူ တာဝန်ကျသည့်နေရာကို မရောက်ရောက်အောင် အရဲစွန့်သွားဖို့ စိတ်ပိုင်းဖြတ်ပြီးသား။ သူတာဝန်ကျသည့် ပညာနှင့်ဝေးချင်းတို့ဒေသက ကလေးတွေကို ပညာတတ်အောင်သင်ပေးဖို့သူ့တာဝန်။ ဇယ်နောက သူ့ခံယူချက်၊ သူ့ဆုံးဖြတ်ချက်မှန် သည်ဟုထင်သည်။

သည်လိုနှင့် ကျောင်းဖွင့်ချိန်အမီ တစ်ကျောင်းတည်းအတူကျသည့် ရွှယ်အိန်နှင့်အတူသွားဖို့ စီစဉ်သည်။ မြစ်ကြီးနားပူတာအိုအထိ လေယာဉ်နှင့်အဆင်ပြေသည်။ ပူတာအိုရောက်သည်နှင့် မဂွေဇသွားသည့်ကား စုံစမ်းသည်။ ပူတာအိုမှ မဂွေဇအထိ ကားလမ်း၆၅မိုင်ဝေးသည်။ ပူတာအိုမှ ကားစီးရပြီး ပထမဦးဆုံး မချမ်း ဘောရောက်သည်။ မချမ်းဘောမှ ထန်ဂါး၊ အလန်ဂါးကို ဖြတ်ပြီး မဂွေဇကိုရောက်သည်။ ကံကောင်းချင်တော့ ကားသမားက မဂွေဇအလွန်ရပ်ဘော့အထိပို့ပေးသည်။ ရပ်ဘော့ အထက်တန်းကျောင်းတွင်ညအိပ်သည်။ ရပ်ဘော့တွင် ဆိုင်ကယ်ကယ်ရီရှိ၍ တော်သေးသည်။ နောက်နေ့ ခြေကျင်လျှောက်စရာမလိုဘဲ ဆန်းဝမ်၊ ရှုရုထီနှင့် ဒဟတ်ကိုကျော်ပြီးငွားလုံဒမ်းထိရောက်သွားသည်။ခြေကျင်လျှောက်ရလျှင် မလွယ်၊ အမောဆို့ပြီး လမ်းခုလတ်တွင် အသက်ထွက်နိုင်သည်။ ငွားလုံဒမ်းတွင်ညအိပ်ပြီး နောက်တစ်နေ့တစ်နေကုန် လျှောက်မှ ဇီဝဒမ်းတောင်ခြေစခန်းကိုရောက်သည်။ သည်ကစပြီး ပေ၈၀၀၀ကျော်မြင့်သော ဆန်းလွတ်ချက်တောင်ကို တက်ရသည်။ သည်တောင်ကို ကြည့်ပြီးဇယ်နောထက်အနည်းငယ်ပိုဝသော ရွှယ်အိန် ငိုချင်စိတ်ပေါက်လာသည်။ သူ့ခန္ဓာကိုယ်နှင့်သည်မျှမြင့်သည့်တောင်ကိုတက်ဖို့တွန့်ဆုတ်သွားသည်မှာမဆန်း။ သည်ထိရောက်လာပြီးမှ လှည့်ပြန်ဖို့လည်း မဖြစ်။ နောက်နေ့မနက်စောစောကြိုးစားပြီး တောင်ထိပ်ရောက်အောင်တက်ခဲ့ကြသည်။ နေမွန်းတည့်ချိန်လောက်တွင် တောင်ထိပ်ကိုရောက်ခဲ့ကြသည်။ သည်မျှမြင့်သည့်တောင်ကို နှစ်ယောက်စလုံး တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှမတက်ဖူး။ အတက်ကြမ်းသလို မိုးတွင်းမို့လမ်းတွေက ချော၊ ကျွတ်ကလည်းပေါ။ တောင်ထိပ်ရောက်တော့ ခြေလက်တွေ မသယ်ချင်လောက်အောင် နုံးချည့်ပျော့ခွေသွားသည်။တောင်ထိပ်တွင်အမောဖြေပြီးနောက် တောင်အောက်ကိုဆင်းလာရာ မိုးချုပ်ချိန်နဝမ်ကောင်ကိုရောက်သည်။ နဝမ်ကောင်တွင် ညအိပ်ပြီး နောက်နေ့ခရီးဆက်တော့ မူလတန်းကျောင်းရှိသည့် ဖူလုံးရွာမှတစ်ဆင့် ရီဒမ်းကိုရောက်သည်။ ရီဒမ်းမှအလျားပေ(၃၆၀)ရှိမေခမြစ်(အင်မိုင်ခ)မြစ်ကူးကြိုးတံတားကိုဖြတ်သည်နှင့် တစ်ဖက်လမ်းလောဒဲ၊ လောဒဲမှ ခေါ်ဘူဒဲကိုရောက်သည်။ ခေါ်ဘူဒဲမှထလာလော့၊ ထလာလော့တွင်ညအိပ်ပြီးနောက် မနက်တွင် တာဝန်ကျရာမြို့နယ်ဖြစ်သည့် ခေါင်လန်ဖူးကိုရောက်သည်။ ခေါ်ဘူဒဲနှင့် ခေါင်လန်ဖူးမိုင် ၂၀ ခန့် ဝေးသည်။ ခုထိ ဇယ်နောတို့၏ ခရီးလမ်းကား မဆုံးသေး။ ဇယ်နောနှင့်ရွှယ်အိန်မှာ တောင်ပေါ်သူသာပြောသည်၊ မြို့ကြီးတွင်ကြီးပြင်းလာသူမို့ မောဟုလားမမေးနှင့်။ သူတို့တစ်သက်သည်မျှ ဝေးလံသည့်ခရီး တစ်ခါမျှမသွားဖူး။ သို့ပေမယ့် ဇယ်နောတို့ ဇွဲဘယ်တော့မှမလျှော့။ တစ်နေ့တစ်လံ ဖန်တုံဘယ်ပြေးမလဲ။ ခေါင်လန်ဖူးမှ နောက်မနက်ခရီးဆက်ကြသည်။ ထရပ်ဖာတွင် တစ်ည၊ အဘွမ်ထန်တွင် တစ်ညအိပ်ပြီးမှထုံဖူးရောက်သည်။ ထုံဖူးမှ ခရီးလမ်းဆုံးဖန်တုံကို ညနေစောင်းလာက်တွင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်။ ပူတာအိုမှ မဂွေဇအထိ (၆၅)မိုင်၊ မဂွေဇမှ ခေါင်လန်ဖူးထိ (၆၅)မိုင်၊ ခေါင်လန်ဖူးမှ ဖန်တုံထိ မိုင် (၄၀)၊ စုစုပေါင်း မိုင်(၁၇၀)ခရီးကို ဇယ်နောတို့ ရှစ်ရက်ကြာ ခရီးနှင်ခဲ့ရလေသည်။ ဇွန်လ(၂၈)ရက်နေ့တွင်ပူတာအိုမှထွက်လာသော ဇယ်နောတို့ ဇူလိုင်(၅)ရက်နေ့တွင်မှ ဖန်တုံကိုရောက်သည်။

"ဆရာမ၊ ဆရာမ" အိပ်ရာပေါ် လဲ့ရင်း တောင်စဉ်ရေမရ အတွေးရေယာဉ်ကြောနစ်မျောနေရာမှခေါ် သံကြောင့်ဇယ်နောသတိပြန်ဝင် လာသည်။

"ဆရာမအတွက် ပြောင်းဖူးဆန်ပြုတ်ယူလာတယ်။ ဆရာမဒါသောက်လိုက်ရင်အားရှိလာမယ်"

"ဂဇာအော့အာအဲ"

ဇယ်နောသည် ကျောင်းရောက်သည်မှာ သုံးလရှိပြီ။ သည်ကျောင်းမှာ ၂၀၁၇-၁၈စာသင်နှစ်တွင်မှအလယ်တန်းခွဲကျောင်းဖြစ်လာသည့်ကျောင်း။ နှစ်ထပ်အလယ်တန်းဆောင်နှင့်တစ်ထပ်မူလတန်းဆောင်ပါသည့်ကျောင်းနှင့်တူသောကျောင်း။ကျောင်းအုပ်ဆရာကြီးနှင့်ဆရာငါးယောက်၊ ဇယ်နောနှင့်ရွှယ်အိန် ဆရာမနှစ်ယောက်ရှိသည်။ ဆရာငါးယောက်က အလယ်တန်းကိုသင်ကြားရပြီးကျောင်းအုပ်ဆရာကြီးနှင့် ဇယ်နောတို့နှစ်ယောက်က မူလတန်းကို တာဝန်ယူသင်ကြားရသည်။ ကျောင်းသားဦးရေ စုစုပေါင်း (၉၉)ယောက်ရှိသည်။

ဇယ်နောရောက်စကမပျော်။ဟိုးအဝေးမှ ညို့ညို့မှိုင်းမှိုင်း တောင်စွယ်တောင်တန်းတွေကိုကြည့်ပြီး အိမ်ကိုလွမ်းသလိုလို၊ တစ်စုံတစ်ယောက်ကို လွမ်းသလိုလို၊ တစ်မျိုးတစ်မည်ခံစားခဲ့ရသည်။ တဖြည်းဖြည်းနှင့် ရိုးသားဖြူစင်သည့် ကလေးတွေကို စာသင်ပေးရင်း သူတို့ကြားတွင် နေပျော်လာသည်။ အစစအရာရာ ရှားပါး သောဒေသတွင် ရှိတာလေးနှင့် စားတတ်လာသည်။ ပျော်ရာမှာမနေ တော်ရာမှာနေတတ်လာသည်။ သို့ပေမယ့် ကြမ်းတမ်းသည့် ရာသီဥတုကြောင့်လား၊ သို့တည်းမဟုတ် အစားအသောက်ကြောင့်လားမပြောတတ်။ သုံးလလွန်အောက်တိုဘာလတွင် ဇယ်နောကျန်းမာရေး ချူချာလာသည်။ ညညလည်းအိပ်မပျော်၊ ချောင်းတဟွတ်ဟွတ်ဆိုးသည်။ သည်မှာကဆေးရုံဆိုတာမရှိ။ ဆေးပေးခန်းသာရှိသည်။ ကျန်းမာရေးဝန်ထမ်းဟု ပြော ရမည့် သားဖွားဆရာမတစ်ဦးသာရှိပြီး ဆေးဝါးကလည်း မစုံမလင်၊ မလောက်မငှ၊ ဆင့်ပါးစပ်နှမ်းပက်သလို။ ဇယ်နောအိမ်ကပါလာသည့် ဆေးတွေလည်း ဖျားနာသည့်သူ့တပည့်တွေနှင့် ဘတွေကို ဝေငှလိုက်၍မရှိတော့။ သည်တော့ သူငယ်ချင်းရွှယ်အိန်ကိုသာ အားကိုးရတော့သည်။ ဇယ်နောကို ပရုပ်ဆီလူးပေးပြီးဘူးခွံနှင့် မက္ကလောင်ခြစ်ပေးသည်။ ဇယ်နော တစ်ကိုယ်လုံးမက္ကလောင်ရာအပြည့်။ ဆေးဝါးပြတ်သည့်အထဲ အအိပ်ပျက်၊ အစားပျက်နှင့် ဇယ်နောတစ်ကိုယ်လုံး ပိန်ချုံးလာသည်။

ဇယ်နောကိုမကြည့်ရက်သော မိဘတစ်ဦးက ရေခဲတောင်မှ ရှားရှားပါးပါး ကတိုးသားကျပ်ကင်ခြောက်နှင့် ပြောင်းဖူးဆန်ရောပြုတ်ပြီး တကူးတကလာပို့ပေးခြင်းဖြစ်သည်။ ဇယ်နောသူ့တပည့် ရဝမ်ကလေးတွေထံမှ သင်ထားရသည့် ရဝမ်စကားနှင့် ကျေးဇူးတင်ကြောင်း ပြန်ပြောသည်။

သည်လိုနှင့် ဇယ်နော တစ်နေ့ပျောက်နိုး ပျောက်နိုးနှင့် နှစ်ပတ်ခန့်နေလာခဲ့ရာ နောက်ဆုံးအိပ်ရာထဲ ဗုန်းဗုန်းလဲတော့သည်။ အိပ်ရာကပင် မထနိုင်တော့။ မှတ်မှတ်ရရ အောက်တိုဘာလ(၁၅)ရက်နေ့။ ဇယ်နော အခြေအနေဆိုးလာသဖြင့် ကျောင်းအုပ်ဆရာကြီးက ရွှယ်အိန်နှင့် ဆရာများ၊ ရွာလူကြီးမိဘတို့နှင့် တိုင်ပင်ပြီး မြစ်ကြီးနားမြို့ရှိ ဇယ်နောအိမ်ကို ဖုန်းဆက်အကြောင်းကြားဖို့ စီစဉ်သည်။ သည်လိုနှင့်အောက်တိုဘာ(၁၆) ရက်နေ့တွင် ဇယ်နောအိမ်ကို ဖုန်းအဆက်အသွယ်ရသည့်နေရာမှ ရွှယ်အိန်ဖုန်းဆက်အကြောင်းကြားလိုက်သည်။

ဖန်တုံမှ ဆရာမရွှယ်အိန် ဖုန်းဆက်လာသည်နှင့် ဇယ်လွမ်းချက်ချင်း လေယာဉ်လက်မှတ်သွားလုပ်သည်။ ဖြစ်ချင်တော့ ခါတိုင်းလေယာဉ်သုံးစီးပူတာအိုတက်နေကျ။ ဇယ်လွမ်းသွားမည့်ရက်ကျမှ လေယာဉ်က တစ်စီးသာတက်သည်။ သည်တော့ ဇယ်လွမ်းလေယာဉ်လက်မှတ်ရဖို့ သုံးရက်စောင့်လိုက်ရသည်။ အောက်တို ဘာ ၂၀ ရက်နေ့တွင်မှ လေယာဉ်နှင့်ပူတာအို ရောက်သည်။ပူတာအိုရောက်သည်နှင့် မဂွေဇသို့ခရီးဆက်ရန်စုံစမ်းသည်။ဆိုင်ကယ်နှင့်သွား၍ရသည်ဆို၍ဆိုင်ကယ်ငှားပြီး နောက်နေ့ မနက်စောစောပူတာအိုမှထွက်သည်။ အရေးထဲအရာပေါ် ဆိုသလို အလန်ဂါးရောက်တော့ ဆိုင်ကယ်ပျက်သည်။ ဆိုင်ကယ်ပြင်နေသည်နှင့် နှစ်နာရီခန့်အချိန်ပုပ်သွားသည်။ နောက်နေ့ အောက်တိုဘာ ၂၂ မနက်တွင် ဆန်းလွတ်ချက်တောင်ခြေစခန်းဖြစ်သည့် ဇီဝဒမ်းကိုရောက်သည်။ ဇီဝဒမ်းမှ ဆန်းလွတ်ချက်တောင်၊ ဆန်လွတ်ချက်တောင်မှ ခေါင်လန်ဖူး ခြေကျင်ခရီးလေးရက်ကြာလျှောက်ပြီး အောက်တိုဘာ ၂၇ရက်နေ့ ညနေစောင်းတွင် ဖန်တုံရောက်သည်။ ဇယ်လွမ်းရောက်ရောက်ချင်း အိပ်ရာပေါ် လဲနေသော ညီမဖြစ်သူကိုတွေ့တော့ စိတ်မကောင်း။

"ညီမလေးအစ်ကိုရောက်လာပြီလေ၊ညီမလေးအစ်ကိုနဲ့အတူ အိမ်ပြန်ရအောင်နော်၊ ညီမလေးအားမငယ်နဲ့"

ဇယ်လွမ်းကညီမဖြစ်သူ၏သွေးဆုတ်နေသောလက်ကိုတယုတယကိုင်ရင်းပြောသည်။ ဇယ်နော သူ့မျက် လုံးတွေကို အားယူဖွင့်ရင်း ကြည့်လိုက်တော့ သူ့အချစ်ဆုံးအစ်ကိုကြီး။ ဇယ်နော စကားပြောဖို့ပင် အားအင် တွေကမရှိတော့။ ဇယ်နော ခေါင်းကိုသာ ညိတ်ပြနိုင်တော့သည်။

ဇယ်လွမ်းသည် ကျောင်းအုပ်ဆရာကြီး၊ ဆရာများ၊ ရွာလူကြီးများနှင့် ညတွင်းချင်းတိုင်ပင်သည်။ သည်ဒေ သမှ ဒေသခံများသည် ခေါင်လန်ဖူးထက် နီးလည်းနီး၊ ဆေးဝါးကုသမှုလည်း ပိုကောင်းသည့် တစ်ဖက်တရုတ်နိုင်ငံသို့သာ သွားရောက်ကုသလေ့ရှိသည်။ အခုလည်း ဇယ်နောအတွက်



သည်နည်းလမ်းသာ အသင့်တော် ဆုံးဟု အားလုံးက ဆုံးဖြတ်ပြီး နောက်နေ့ အောက်တိုဘာ ၂၈ရက်နေ့ မနက်စောစော ရွာမှထွက်သည်။ ဇယ်နောကား လမ်းလျှောက်ဖို့မပြောနှင့် မတ်တတ်ပင်ကောင်းကောင်းမရပ်နိုင်တော့။ ဝါးလုံးနှစ်လုံးနှင့် လူနာထမ်းစင်လုပ်ပြီး ဇယ်နောကို ထမ်းပို့ရန် ရွာသားအယောက်(၂၀)၊ ပြုစုရန်သားဖွားဆရာမ၊ဖန်တုံကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးချန်ခူဆဲနှင့်အဖော်အဖြစ် ဆရာမရွှယ်အိန်တို့လိုက်ပါခဲ့ကြသည်။ နေ့လယ်လောက်တွင် ဖန်တုံမှ မိုင် ၂၀ ရွာဝေးသည့် ခြေကျင်ခရီးအဆုံးဝခါးရွာကိုရောက်သည်။ ဝခါးရွာတွင် ကျောင်းအုပ်ဆရာကြီး၊ သားဖွားဆရာမနှင့် ရွာသားများကနေရစ်သည်။ ညအိပ်ပြီး မနက်စောစော ထပြန်ရန်ဖြစ်သည်။ ဇယ်လွမ်း၊ ဆရာမရွှယ်အိန်နှင့် လူနာဇယ်နောတို့သုံးဦးသာကားနှင့်ခရီးဆက်သည်။ညနေစောင်းတွင်ဝခါးမှမိုင် ၄၀ခန့်ဝေးသည့် နယ်စပ်ရွာ ရှင်ခေါင်ကိုရောက်သည်။ ရှင်ခေါင်မှ တစ်ဖက်နယ်စပ်မြို့မှာ တစ်ညအိပ်ခရီးဖြစ်သည်။ တည်းမည့်နေရာရောက်သည်နှင့် ဇယ်လွမ်းသူ့ရင်ခွင်ကိုမှီရင်း လိုက်ပါလာသော ဇယ်နောကို ကားပေါ်မှအသာအယာပွေ့ချီပြီး အိမ်ထဲခုတင်ပေါ် တင်လိုက်သည်။

စာမျက်နှာ (၁၈) သို့

www.free4readers.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယနေရောင်ခြည်
# THE SUN RAYS

Vol.1 No.232 WEEKLY NEWS JOURNAL 12th January 2019

# The Longest War
# အကြာဆုံးစစ်ပွဲ မြန်မာပြည်

လှုပ်အယ်လင် မြသန်းတင့် (မြန်မာပြန်) အပိုင်း(၂)



ဗုဒ္ဓံ ဓမ္မံ သံဃံ

စနေနေ့တိုင်းထုတ်ဝေသည်

# THE SUN RAYS

Vol.1 No.232 WEEKLY NEWS JOURNAL 12th January 2019

# UN Migration Pact အား မြန်မာလက်မှတ်ထိုးလိုက်ခြင်းမှ မြန်မာပြည် နုတ်ထွက်သင့်

ဘိုဘိုကျော်ငြိမ်း

အပိုင်း (၃)



## UN Migration Pact ရဲ့ နောက်ကွယ်ကကြိုးကိုင်နေတဲ့ George Soros

www.free4readers.com

# AA အကြမ်းဖက်သောင်းကျန်းသူ = ARSA အကြမ်းဖက်သောင်းကျန်းသူ

မန္တလေး – မူဆယ်ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း ဖြစ်မြောက်နိုင်ခြေလေ့လာမှုအကြိုမြေတိုင်းတာခြင်း လုပ်ငန်းစတင်မည်



မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး၏ ရခိုင်ပြည်နယ်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် အပေါ် ထုတ်ပြန်ကြေညာချက်



မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံရုံး၏ရခိုင်ပြည်နယ်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အပေါ်
ထုတ်ပြန်ကြေညာချက်

လွန်ခဲ့သောရက်ပိုင်းအတွင်း မြန်မာနိုင်ငံရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ရဲကင်းစခန်းများကို အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ထပ်မံဖြစ်ပွားခဲ့ခြင်းကြောင့် လူများစွာ သေဆုံးခဲ့ရပါသည်။ မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံရုံးအနေနှင့် ယင်းဖြစ်စဉ်ကို ပြင်းထန်စွာရှုတ်ချပြီး သေဆုံးသူများအပေါ် ဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။ တရုတ်ဘက်သည် မြန်မာဘက်၏ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး ထိန်းသိမ်းကာကွယ်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ထောက်ခံပြီး ပုံသဏ္ဌာန်မျိုးစုံသော အကြမ်းဖက်တိုက်ခိုက်မှုကို ပြတ်သားစွာဆန့်ကျင်ကန့်ကွက်ပါသည်။ သက်ဆိုင်ရာဘက်အသီးသီးမှ ကိုယ့်ပြုမှုဆောင်ရွက်မှုကို ထိန်းချုပ်ကာ သက်ဆိုင်ရာပြဿနာများကို ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖြေရှင်းပြီး ရခိုင်ပြည်နယ်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို အတူတကွ ထိန်းသိမ်းကာကွယ်ရန် တိုက်တွန်းလိုပါသည်။

စစ်ပွဲများအတွက် အဆင်သင့်ဖြစ်နေရန် တရုတ် စစ်တပ်ကို သမ္မတ ရှီကျင်းပင် တိုက်တွန်း



AA လက်နက်ကိုင်အဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သွားသည့် ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းနှင့် အရပ်သားများ ပြန်လွတ်လာ



တိုက်ပွဲအတွက် အသင့်ဖြစ်နေရန် သမ္မတရှီကျင်းပင်မှ တရုတ်စစ်တပ်ကို အမိန့်ထုတ်၊ ဒီမိုကရေစီကို ကာကွယ်ပေးရန် ထိုင်ဝမ်သမ္မတ တောင်းဆို



AA ၏ စီးနင်းတိုက်ခိုက်မှုကြောင့် ကျဆုံးခဲ့သည့် ရဲမှူး ဝိုင်းဘိုဟန်အတွက် ကျန်ရစ်သူ မိသားစုအား ရဲတပ်ဖွဲ့ ၄၅ သိန်းအပြင် ရန်ပုံငွေ ဖွင့်လှစ်



ဦးသတ်ဆေးသုံးစွဲမှု မကြပ်မတ်၍ မြန်မာနိုင်ငံ ထွက်စားနပ်ရိက္ခာများ အန္တရာယ်ရှိဟု လူလူသမဂ္ဂသတိပေး



AA ၏ တိုးစစ်အတွက် အကောင်းဆုံး ခံစစ် ပြင်ဆင်ထားဟု ရဲမှူးချုပ်မြင့်ထိုး ပြော



ရခိုင်ပြည်နယ်ရှိ ရဲကင်းစခန်း လေးခုကို အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်ခဲ့သော AA အဖွဲ့အား အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မများဖြင့် ပြည်ထဲရေးအမှုဖွင့်



ဦးအောင်ဆန်းဦးမှ နေပြည်တော်ရှိ မန္တလေး ပါရာ ဒိုက်စ်စားသောက်ဆိုင်တွင် နိုင်ငံရေးပါတီတချို့နှင့် တွေ့ပြီး အမြွက်ဓွ ရှင်းလင်း



မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၄ × ၄၂ လမ်းထောင့်တွင် အရှိန်လွန်ကားတစ်စီး လမ်းဘေးဈေးသည်များကိုဝင်တိုက် လူ ၃ ဦး သေဆုံး



မြေလွတ်ရိုင်းဥပဒေဖြင့် တရားစွဲခံ လယ်သမား ရှစ်ဦးအား ဗျောင်းတုန်းတရားရုံး တရားသေလွတ်ပေး



